ရိုးသိုက်း
လက်စားချေသူ
FREDERICK FORSYTH
AVENGER

ဘာသာပြန်သူ၏ မှတ်ချက်

ဤဝတ္ထုတွင် ပါဝင်သော ဇာတ်ကောင်အချို့၏
နာမည်ဝှက်၊ နာမည်ပြောင်များ နှင့် စကားဝှက်များကို
စာဖတ်ပရိသတ်များ ဖတ်ရမှတ်ရ အဆင်ပြေစေရန်
မူရင်းအင်္ဂလိပ် ဝေါဟာရများကို မြန်မာလို အသံဖလှယ်၍
ပြန်ဆိုရေးသားထားကြောင်း
ကြိုတင် အသိပေးအပ်ပါသည် ။

စိုးသိဏ်း

***

ဖရက်ဒရစ်ဖော့ဆိုက်
မိတ်ဆက်

အင်္ဂလန်နိုင်ငံ၊ ကင့်မြို့၌ ၂၅-၈-၁၉၃၈ နေ့က မွေးဖွားသူ ဖရက်ဒရစ်ဖော့ဆိုက်သည် အင်္ဂလိပ်စာပြဆရာ၊ ဂျာနယ်လစ်ဟောင်းနှင့် သူလျှို

ဟောင်းတစ်ဦး ဖြစ်ပြီး အခါအားလျော်စွာ နိုင်ငံရေးသတင်း အစီရင်ခံသူ လည်း ဖြစ်သည် ။ ၎င်းသည် တန်ဘရစ်(ဂျ)ကျောင်းတွင် ပညာဆည်းပူး ပြီး စပိန်နိုင်ငံ၊ ဂရင်နာဒါတက္ကသိုလ် ဆက်တက်ခဲ့သည် ။ ၎င်းသည် တော်ဝင်လေတပ်မတော်၌ လေယာဉ်မှူးအဖြစ် အမှုထမ်းခဲ့ပြီးနောက် ၁ ၉ဖ၁ ခုနှစ်တွင် 'ရိုက်တာ' သတင်းထောက်နှင့် ၁၉ဖ၅ တွင် ဘီဘီစီ၏ သံတမန်ရေးရာ လက်ထောက်သတင်းထောက် ဖြစ်လာသည် ။ ၁၉၇၁ ခုနှစ်တွင် ထုတ်ဝေသော ၎င်း၏ ပထမဆုံး လုံးချင်းဝတ္ထု The Day of the Jackal ဖြင့် ပွဲဦးထွက် နာမည်ရပြီးနောက်ပိုင်း သူ့ဝတ္ထု ၁၂ အုပ်ထက် မနည်း ရုပ်ရှင် (သို့) ရုပ်သံရိုက်ကူးခြင်း ခံရသည် ။ ၂၀၁၇ ခုနှစ်အထိ ကမ္ဘာတစ်ဝန်း သူ့စာအုပ် စုစုပေါင်း အုပ်ရေ သန်း ၇၀ကျော် ရောင်းချရပြီး ဖြစ်သည် ။ The Odessa File, The Fourth Protocok, The Dogs of War, The Veteran နှင့် The Afghan စသော ၎င်း၏ ဝတ္ထုများမှာ အထူး ထင်ရှားသည် ။ No Comebacks မှာ ၎င်း၏ ပထမဆုံး ဝတ္ထုတို ပေါင်းချုပ် စုအုပ်ဖြစ်ပြီး ကမ္ဘာကျော်ပြဇာတ် The Phantom of the Opera ၏ အဆက်အဖြစ် The Phantom of Manhattan ကို ရေးသား ထုတ်ဝေခဲ့သည် ။

ကမ္ဘာကျော် စာရေးဆရာကြီးများ ဖြစ်ကြသော ဆာအာသာကိုနင်ဒွိုင်း(လ်) ရိုး(လ်)ဒေါ(လ်)၊ လင်ဒိုင်တန်နှင့် အိပ်(ချ်)ဂျီဝဲ(လ်) စသူတို့ ၏ လေယာဉ်ပျံဇာတ်လမ်းများကို စုစည်း၍ လည်း Great Flying Stories စာအုပ်ကို စီစဉ်ထုတ်ဝေခဲ့သည် ။

၎င်းသည် ၂၀၁၂ ခုနှစ်က ရာဇဝတ်မှုခင်း စာရေးဆရာများအား အသင်း၏ 'ကာတီယေးစိန်ဆု နှင့် တစ်သက်တာစာပေဆု 'ဒက်ဂါ'တို့ ကို ရရှိခဲ့ပြီး ဗြိတိန်ဘုရင်မကြီးကလည်း ၁၉၉၇ ခုနှစ်တွင် စီဘီအီးဘွဲ့ ချီးမြှင့်ခဲ့သည် ။ ၎င်း၏ ဝတ္ထုများကို မှီငြိမ်း၍ အသက်သွင်းသည့် ရုပ်ရှင်

ကားများ ဖြစ်သော The Odessa File, The Fourth Protocol နှင့် The Dogs of War တို့ ကို မြန်မာနိုင်ငံ၌ ရုံတင်ပြသခဲ့ဖူးပြီး The Day of The Jackal ကိုမူ တင်သွင်းပြသခြင်း မရှိခဲ့ပါ။ ထိုမူရင်းဝတ္ထု လေးအုပ်စလုံးကို အခြားဘာသာပြန် ဆရာကြီးများက လည်းကောင်း၊ The Veteran ကို စစ်ပြန်ကြီးအမည်ဖြင့် 'စိုးသိဏ်း'က လည်းကောင်း မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့ကြပြီး ဖြစ်သည် ။

******

"ဥမင်ကြွက်များ " အတွက်

"ငါ ဘယ်တော့မှ မလုပ်ရဲတာကို မင်းတို့ လုပ်ခဲ့ကြတယ်"

နိဒါန်း

လူသတ်မှု

အမေရိကန်လူငယ်လေး၏ ဒွါရကိုးပေါက်စလုံး အော်ဂလီဆန်စရာ အညစ်အကြေးများ ဖြင့် ပြည့်နေပြီး သူ့မှာ ပြန်လည်ခုခံနိုင်စွမ်း မရှိတော့ချေ။ မိလ္လာရေများ ထဲ၌ နစ်မွန်း သေဆုံးသွားသောအခါ သူ့ကို ရေဆိုးထဲ သူတို့ နှစ်သတ်ကာ သတ္တမအကြိမ်မြောက် ဖြစ်သည် ။

ကိစ္စပြီးသွားသောအခါ သူတို့ က ပိုက်လုံးများကို အောက်ချ၍ မြက်ခင်းပေါ် ထိုင်ချပြီး ရယ်ရယ်မောမော ဆေးလိပ်ဖွာကြသည် ။ ထို့နောက်

အခြားကူညီရေး လုပ်သားတစ်ဦးနှင့် မိဘမဲ့ကလေးငယ် ခြောက်ယောက်တို့ ကို သတ်ဖြတ်ပြီး ကယ်ဆယ်ရေးအေဂျင်စီ၏ 'ခရီးကြမ်းသုံး' မော်တော်ကားကိုယူကာ တောင်တန်းကို ဖြတ်ကျော်၍ ပြန်သွားကြသည် ။ ထိုနေ့ကား ၁၅၊ မေ၊ ၁၉၉၅ ခုနှစ်ဖြစ်သည် ။

******

အပိုင်း - ၁

အခန်း - ၁
အလုပ်ကြမ်းသမား

တစ်ယောက်တည်း ပြေးနေသောလူသည် ကုန်းလျှောလေးကိုမှီကာ သူ၏ ရန်သူဖြစ်သော နာကျင်မှုဝေဒနာကို ထပ်မံ တိုက်ခိုက်ရပြန်သည် ။ ယင်းမှာ သူ့အတွက် ညှင်းပန်းနှိပ်စက်မှုနှင့် ကုထုံးပင်ဖြစ်သည် ။ ထို့ကြောင့် သူတို့ ကို ပြုလုပ်ခြင်း ဖြစ်သည် ။

ရေကူး၊ စက်ဘီးနှင့်အပြေး သုံးမျိုးအားကစားနည်း၏ စည်းကမ်းအားလုံးမှာ အကြမ်းကြုတ်ဆုံးနှင့် ခွင့်မလွှတ်နိုင်ဆုံး ဖြစ်သည် ဟု ထိုအားကစားနည်းကို သိသူများက မကြာခဏ ပြောတတ်သည် ။ ၁၀ မျိုးအားကစားသမားသည် ပိုင်နိုင်ဖို့ ကျွမ်းကျင်မှုများ ပိုလိုအပ်သည် ။ ပို၍ကြမ်းတမ်းသော ခွန်အားအတွက် လေ့ကျင့်ရန်လိုအပ်သည် ။ နာကျင်မှု

ကို ရင်ဆိုင် အနိုင်ယူနိုင်စွမ်းရှိဖို့ သုံးမျိုး အားကစားနည်းကဲ့သို့သော စမ်းသပ်နည်းက တချို့တလေသာ ရှိသည် ။

နေထွက်ချိန်၌ နယူးဂျာဆီပြည်နယ်မှ အပြေးသမားသည် အပြေးလေ့ကျင့်သော နေ့များ ၌ အရဏ်မတက်မီ ထုံးစံအတိုင်း အိပ်ရာမှ ထသည် ။ သူက ပစ်ကပ်ကားကို ခပ်ဝေးဝေးရှိ ရေကန်ဆီ မောင်းသွားပြီး လမ်းခုလတ်၌ ပြိုင်စက်ဘီးကို ကားပေါ်မှ ချ၍ စိတ်ချရအောင် သစ်ပင်တစ်ပင်နှင့် တွဲ၍ သံကြိုးခတ်သည် ။

မနက်ငါးနာရီထိုးပြီး နှစ်မိနစ်အတွင်း သူက လက်ကောက်ဝတ်ပေါ်ရှိ အချိန်မှတ်နာရီကို အချိန်တိုက်ပြီး ရေငုပ်ဝတ်စုံ လက်မောင်းစဖြင့် ဆွဲဖုံး၍ အေးစက်နေသော ရေထဲသို့ ဆင်းသည် ။

သူလေ့ကျင့်တာ အိုလံပစ်အဆင့်သုံးမျိုး အားကစားနည်းဖြစ်ပြီး အကွာအဝေးများကို မက်ထရစ်စနစ်ဖြင့် တိုင်းထွာသည် ။

တစ်မိုင်နီးပါးရှိသော မီတာ ၁၀၀၀ ရေကူးပြီး ကုန်းပေါ်ပြန်တက်ကာ စွပ်ကျယ်နှင့် ဘောင်းဘီတို့ ချန်၍ ရေငုပ်ဝတ်စုံချွတ်ကာ ပြိုင်စက်ဘီးပေါ် တက်သည် ။ ထို့နောက် ကီလိုမီတာ ၄၀ အကွာအဝေးကို လက်ကိုင်ပေါ် ခါးကိုင်း၍ အပြင်းအထန် နင်းသည် ။ သူက ရေကန်၏ အစွန်းနှစ်ဖက် မိုင်အကွာအဝေးကို ရှေးကတည်းက တိုင်းထွာမှတ်သားထားပြီး ဖြစ်သည် ။ သူ့စက်ဘီးကို သံကြိုးခတ်ထားရာ သစ်ပင် ဘယ်မှာ ရှိမှန်း အတိအကျ သိသည် ။

တောလမ်းများ တစ်လျှောက် ကားနှင့်လူရှင်းချိန်၌ သူ၏ ကီလိုမီတာ ၄၀ ခရီးကို မှတ်သားထားသဖြင့် ဘယ်နေရာက သစ်ပင်မှာ စက်ဘီးကို ထားခဲ့ပြီး စတင်ပြေးရမည် ဆိုတာကို သိသည် ။

၁၀ မီတာ ပြေးပြီးနောက် စိုက်ပျိုးမွေးမြူရေး ခြံတစ်ခြံ၏ ဂိတ်တံခါး

ရှေ့သို့ ရောက်လာသည် ။ ထိုနေ့မနက်က သူဖြတ်ကျော်သွားသည့် နောက်ဆုံးလက်ကျန် ကီလိုမီတာ ၂၀မှာ ကုန်းတက်ဖြစ်၍ အမောဆို့ရသည် ။ သူ့အတွက် အလွန်ပင်ပန်းသည် ။

သူနာကျင်ရသည့် အကြောင်းအရင်းမှာ လိုအပ်သည့် ကြွက်သားအားလုံး မတူခြင်းကြောင့် ဖြစ်သည် ။ ရေကူးသမား၏ တောင့်တင်းသန်မာသော ပခုံး၊ ရင်ဘတ်နှင့် လက်မောင်းတို့ ကို ပုံမှန်အားဖြင့် ပြိုင်စက်ဘီးသမား သို့မဟုတ် မာရသွန် အပြေးသမားတစ်ဦး မလိုအပ်ပါ။ ၎င်းတို့မှာ သယ်ဆောင်ရမည့် ဝန်ပိုဖြစ်သည် ။

အရှိန်ပြင်းစွာ လှုပ်ရှားနေသော စက်ဘီးသမား၏ ခြေထောက်နှင့်ခါးတို့ မှာ အပြေးသမား၏ စည်းချက်နှင့် အသံနေအသံထားတို့ ကို ဖြစ်ပေါ်စေသော ကြွက်သားများ ၊ အရွတ်အကြောမျှင်တို့ နှင့် ခြားနားလှပေသည် ။ လူတစ်ဦး၏ လေ့ကျင့်ခန်း နရီစည်းဝါးမှာ အခြားသူတစ်ဦးနှင့် ထပ်တူမကျတတ်ပါ။

သုံးမျိုးအားကစားသမားက ထိုအရာအားလုံး လိုအပ်သည် ။ ပြီးတော့ သီးသန့် ကျွမ်းကျင်အားကစားသမား သုံးဦး၏ လှုပ်ရှားမှုများကို တစ်ခုပြီးတစ်ခု လိုက်ဖက်အောင် ကြိုးစားရသည် ။

အသက် ၂၅ နှစ်အရွယ် လူတစ်ဦးအဖို့ ရက်စက်သော အားကစားနည်း ဖြစ်သည် ။ ၅၁နှစ်အရွယ် လူတစ်ဦးအတွက်ဆိုလျှင် ဂျီနီဗာစာချုပ်အရ စွဲချက်ပင် တင်ထိုက်သည် ။ အပြေးသမားသည် ပြီးခဲ့သော ၆နှစ်ခဲ့ရီလက အသက် ၅၅ နှစ် ပြည့်သွားပြီ ဖြစ်သည် ။ သူက လက်ပတ်နာရီကို တစ်ချက်ကြည့်ပြီး မျက်နှာရှုံ့မဲ့သည် ။ အခြေအနေမကောင်းပါကလား။ သူ့စံချိန်ထက် ခုနစ်မိနစ် နောက်ကျနေသည် ။ သူက သူ့ရန်သူကို ပို၍ ပြင်းထန်စွာ တိုက်ခိုက်သည် ။

ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းထားသည့် ဘုရားကျောင်း၊ ဘုံကျောင်း၊ 'ပထမ အမျိုးသားဘဏ်'ခွဲတစ်ခု၊ စျေးဆိုင်အချို့နှင့် သစ်ပင်များ တန်းစီပေါက်နေသော လမ်းသွယ်များ တစ်လျှောက် လုံးချင်းအိမ်များ ပြန့်ကျဲနေသည် ။

အပြေးသမားသည် ကီလိုမီတာဝက် ကျန်သေးသဖြင့် လမ်းခွဆုံသို့ ဦးတည်ပြေးသည် ။ 'ဂျိုး'ကဖီးခ်ဲ့ ကော်ဖီသောက်ရန် သို့မဟုတ် 'ဗီတို့' ပီဇာဆိုင်ခ်ဲ့ နံနက်စာဝင်စားရန် သိပ်စောသေးသည် ။ အကယ်၍ ထိုဆိုင်များ ဖွင့်ထားပြီးဆိုလျှင်လည်း သူကတော့ အပြေးရပ်ဦးမည် မဟုတ်။

လမ်းဆုံ၏ တောင်ဘက်တွင် အဖြူရောင်နဘေထပ် ပျဉ်ချပ်များ ဖြင့် ဆောက်လုပ်ထားသော ပြည်တွင်းစစ်လက်ကျန် ရှေးဟောင်းအုပ်ကြွပ်မိုး လုံးချင်းအိမ်တစ်လုံးရှေ့မှ သူဖြတ်သွားသည် ။ အိမ်ရှေ့တံခါးပေါက်ဘေးတွင် 'ဥပဒေအကျိုးဆောင် ကယ်(လ်)ဗင်ဒက်(ဇ်)တာ'ဟူသော ဆိုင်းဘုတ် ချိတ်ထားသည် ။ ယင်းမှာ သူ့ရုံးခန်း၊ သူ့နေအိမ်နှင့် သူ၏ ဥပဒေရေးရာ အလုပ်ခန်းဖြစ်သည် ။ သူ၏ တခြားအလုပ်တစ်ခုလုပ်ဖို့ အခါအားလျော်စွာ သူအဝေးသို့ မသွားရလျှင် ဤအိမ်မှာ ပဲသူ အချိန်ပြည့် ရှိသည် ။

သူက အခါအားလျော်စွာ အပန်းဖြေခရီးထွက်၍ ငါးမျှားသည် ဟု သူ့အမှုသည် များ နှင့် အိမ်နီးချင်းများက သဘောပေါက်ထားသည် ။ နယူးယောက်မြို့တော်ခ်ဲ့ အခြားနာမည်တစ်လုံးဖြင့် သူပိုင်ဆိုင်ထားသော တိုက်ခန်းလေးအကြောင်း ၎င်းတို့ လုံးဝ မသိကြချေ။

မြို့တောင်ဘက်စွန်းရှိ ချက်ဆာပီ(ခ်) ရိပ်သာလမ်းမကြီးဆီ ချိုးကွေ့ရာသို့ ရောက်ဖို့ နောက်ဆုံးလက်ကျန် ကိုက် ၅၀၀ ခရီးကို ကိုက်ခဲနေသော ခြေထောက်များ ဖြင့် သူဆက်ပြေးသည် ။

ထိုနေရာကား သူနေထိုင်ရာဖြစ်ပြီး လမ်းထောင့်ချိုးမှာ သူ့ဘာသာ သတ်မှတ်ထားသော ဂိတ်အဆုံးဖြစ်သည် ။

သူက အရှိန်လျှော့၍ ရပ်တန့်ပြီး သစ်ပင်ကို မှီကာ ခေါင်းငိုက်စိုက်ချ၍ အောက်ဆီဂျင်ကို သူ၏ ဖောင်းနေသော အဆုတ်ထဲသို့ ရှူသွင်းသည် ။ ၂ နာရီ ၃၆ မိနစ်။ သူ့စံချိန် မမီသေး။ အသက် ၅၁နှစ်အရွယ် လူတစ်ယောက်ပင် သူနှင့်မိုင် ၁၀၀ ပတ်လည်အတွင်း ရောက်လာဖွယ်မရှိသော်လည်း အကြောင်းမဟုတ်။ အဓိကအချက်က သူ့ကို ပြုံးပြီး အားပေးလေ့ရှိသော အိမ်နီးချင်းများအား ဘယ်တော့မှ ရှင်းပြလို့ မဖြစ်သော အဓိကနာကျင်မှုကို ပြန်တိုက်ခိုက်ရန်အတွက် ဤနာကျင်မှုကို သူအသုံးပြုရခြင်း ဖြစ်သည် ။ ထိုနာကျင်မှုကား ဘယ်တော့မှ မပျောက်။

ပျောက်ဆုံးသောကလေး၊ ပျောက်ဆုံးသော အချစ်၊ ပျောက်ဆုံးသော အရာအားလုံးတို့ ဖြစ်သည် ။

အပြေးသမားသည် သူနေထိုင်သည့် လမ်းထဲချိုးဝင်ပြီး နောက်ဆုံးလက်ကျန် ကိုက် ၂၀၀ အတွင်း ခြေကျင် လျှောက်သွားသည် ။ သူ့ရှေ့နားတွင် သတင်းစာပို့သမားလေးက သူ့ဆင်ဝင်အောက်သို့ လေးလံသော အထုပ်ကြီးတစ်ထုပ် လှမ်းပစ်လိုက်ပုံ သူမြင်ရသည် ။ ကောင်လေးက စက်ဘီးနင်း၍ သူ့အနားမှ ဖြတ်သွားရင်း လက်ပြသွားရာ ကယ်(လ်)ဒက်(ဇ်) တာကလည်း ပြန်လက်ပြသည် ။

အတန်ကြာသောအခါ သူက မော်တော်စကူတာကို ယူပြီး သူ၏ ပစ်ကပ်ကားကို သွားထုတ်မည်။ စကူတာကို ပစ်ကပ်ကားပေါ်တင်ပြီး အိမ်သို့ ကားမောင်းပြန်ရင်း လမ်းကြောင်းရှိ သူ့ပြိုင်စက်ဘီးကိုပါ ဝင်ယူသည် ။ ပထမဆုံးအနေနှင့် သူရေချိုးရမည်။

ခွန်အားဖြည့် မုန့်တချို့နှင့် လိမ္မော်သီး ခပ်များများ စားရမည်။

ခွေးကတက်ပေါ်မှ သတင်းစာထုပ်ကို သူကောက်ယူပြီး အထုပ်ဖြေ ကြည့်သည် ။ ဒေသခံသတင်းစာ၊ ဝါရှင်တန်မှ သတင်းစာ၊ စာမျက်နှာထူ ထပ်လှသော တနင်္ဂနွေနေ့ အထူးထုတ် နယူးယောက်တိုင်း(စ်) သတင်း စာနှင့် ထုပ်ပိုးထားသော နည်းပညာ မဂ္ဂဇင်းတစ်စောင်တို့ ပါသည် ။

ပိန်သွယ်သွယ်၊ လိမ္မော်ရောင်ဆံပင်နှင့် ရင်းနှီးဖော်ရွေစွာ ပြုံးနေ တတ်သော နယူးဂျာဆီပြည်နယ်၊ ပင်နင်တန်မြို့မှ ရှေ့နေ ကယ်(လ်)ဗင် ဒက်(ဇ်)တာသည် ထိုပြည်နယ်၌ အမှန်တကယ် မွေးဖွားခဲ့သူ ဖြစ်သည် ။

သူသည် ပိုးဟတ်နှင့် ကြွက်ပေါသော နယူးဝပ်(ခ်)မြို့၏ ဆင်းရဲသား ရပ်ကွက်တွင် ၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလက လူ့လောကသို့ ရောက်လာ ခဲ့သည် ။ သူ့အဖေက ဆောက်လုပ်ရေးလုပ်သား၊ သူ့အမေက စားသောက်ဆိုင် စားပွဲထိုးဖြစ်သည် ။

သူ့မိဘနှစ်ပါးမှာ ရပ်ကွက်အတွင်းရှိ ကပွဲရုံထဲ၌ တွေ့ဆုံပြီး အရက် မူးလွန်ကာ မှောက်မှားမိ၍ သူ့ကို ကိုယ်ဝန်ရခြင်းကြောင့် ထိုခေတ်ကာ လ၏ ကျင့်ဝတ်အရ မလွဲမရှောင်သာ လက်ထပ်ခဲ့ကြရသည် ။ ဤကိစ္စ နှင့်ပတ်သက်၍ သူငယ်ငယ်က ဘာမှ မသိခဲ့။

မွေးကင်းစ ကလေးများ သည် သူတို့ ဘာကြောင့်၊ ဘယ်သူ့ကြောင့် လူ့လောကထဲသို့ ရောက်လာမှန်း လုံးဝမသိကြပါ။

သူတို့ သိချင်လျှင် စုံစမ်းဖို့ လိုသည် ။ တစ်ခါတစ်ရံ ခက်ခက်ခဲခဲ စုံစမ်းရသည် ။ သူ့ဖခင်က လူဆိုးတစ်ဦးမဟုတ်ပါ။ ပုလဲဆိပ်ကမ်း တိုက် ခိုက်ခံရပြီးနောက် ၎င်းဆန္ဒအလျောက် စစ်တပ်ထဲ ဝင်ခဲ့သော်လည်း ကျွမ်းကျင်သော ဆောက်လုပ်ရေး လုပ်သားပီပီ သူက ပြည်တွင်းမှာ ပိုအ သုံးဝင်သည် ။

နယူးဂျာဆီပြည်နယ် တစ်ဝိုက်၌ စက်ရုံအသစ်များ ၊ သင်္ဘောဆိပ်

ကမ်းများ နှင့် အစိုးရရုံးသစ်များ ထောင်ချီ၍ ဆောက်လုပ်ရာ၌ သူပါဝင်ရသည် ။

သူသည် လူကြမ်းကြီးဖြစ်ပြီး အလုပ်ကြမ်းအလုပ် အတော်များများ အတွက် တစ်ခုတည်းသော ဥပဒေအရ လက်သီးသွက်သူ ဖြစ်သည် ။ သို့သော် သူက ရိုးသားစွာ လုပ်ကိုင်စားသောက်ဖို့ ကြိုးစားပြီး သူ့လစာငွေ ထုပ် ပါသော ချောစာအိတ်ကို မဖောက်ဘဲ အိမ်ပြန်ယူလာသည် ။ သူ၏ မွေးကင်းစ ကလေးကို အမေရိကန်နိုင်ငံတော်အလံ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဂျို့ဒီမက်ဂီယိုတို့ အား ချစ်တတ်အောင် ပြုစုပျိုးထောင်ဖို့ ကြိုးစားသည် ။

သို့သော် နောင်အခါ၌ ကိုရီးယားစစ်ပွဲကြီး ဖြစ်သောအခါ အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးသွားပြီး စက်မှုလုပ်ငန်းသာ ကျန်၍ အလုပ်သမား သမဂ္ဂများမှာ လည်း ရာဇဝတ်ဂိုဏ်းကြီးများ ၏ ထိန်းချုပ်ခြင်းခံကြရသည် ။

မိခင်ဖြစ်သူအိမ်ပေါ်က ဆင်းသွားသောအခါ ကယ်(လ်)ဗင့်အသက်မှာ ငါးနှစ်သာ ရှိသေးသည် ။ သူမ ဘာကြောင့် ဆင်းသွားမှန်း သူသိပ်ငယ်လွန်း၍ မသိပါ။

ချစ်ခြင်းမေတ္တာ ကင်းမဲ့သော သူ့မိဘများ ၏ အိမ်ထောင်ရေးကို သူ ဘာမှ မသိ။

လူကြီးများ သည် အမြဲတမ်း အော်ဟစ် ရန်ဖြစ်လေ့ရှိသည် ဟု သူက ကလေးလိုသာ တွေး၍ လက်ခံထားသည် ။ တောက်ပသော မီးရောင်စုံများ နှင့် ပိုလှပသော အဝတ်အစားများ ပေးမည်ဟု ကတိပေးသော နယ်လှည့် အရောင်းဈေးသည် ကြီး အကြောင်း သူ ဘာမှ မသိ။ သူမ အဝေးသို့ ထွက်သွားပြီဟု သာ သူ့အဖေက ပြောသည် ။

ယခုအခါ သူ့ဖခင်မှာ အလုပ်ဆင်းလျှင် ဘီယာအနည်းငယ် မော့မည့်အစား ညနေတိုင်း အိမ်ပြန် လာပြီး သူ့ကိုထိန်းရင်း ပုံရိပ်မှန်ဝါးသော ရုပ်မြင်သံကြားစက်ကိုသာ ငူငိုင်စွာ စိုက်ကြည့်နေတတ်တော့သည် ။

သူ ဆယ်ကျော်သက်အရွယ် ရောက်သောအခါ နယ်လှည့်အရောင်းစျေးသည် ကြီး၏ စွန့်ပစ်ခြင်းခံရသော သူ့မိခင်က အိမ်ပြန်လာဖို့ ကြိုးစားသော်လည်း စိတ်ဆိုးပြီး နာကြည်းနေသော သူ့ဖခင်က လက်မခံခဲ့ကြောင်း သိရသည် ။

သူ့အသက် ခုနစ်နှစ်အရွယ်တွင် နေရေးထိုင်ရေးနှင့် ခက်ရာခက်ဆစ် အလုပ်ရှာဖို့ လိုအပ်သည့် ပြဿနာအတွက် သူ့ဖခင်ကြီး အဖြေရှာတွေ့သွားသည် ။

နယူးဝပ်(ခ်)မြို့ရှိ ဓာတ်လှေကားမပါသော တိုက်ခန်းကို ကျောခိုင်းကာ တစ်ပတ်ရစ် နောက်တွဲယဉ် အိမ်တစ်လုံးကို ဝယ်ယူသည် ။ ၎င်းမှာ ဆယ်နှစ်တိုင်တိုင် သူ၏ နေအိမ် ဖြစ်ခဲ့သည် ။

သားအဖနှစ်ယောက် ထိုနောက်တွဲယဉ် အိမ်ပေါ်နေထိုင်ရင်း အလုပ်တစ်ခုပြီးတစ်ခု ပြောင်းလုပ်သည် ။ ကပိုကရိုကောင်လေးကယ်(လ်)သည် သူ့ကို လက်ခံသမျှ ကျောင်းမှာ ပညာဆည်းပူးသည် ။ ထိုကာလကား အဲ(လ်)ဗစ်ပရက်လေ၊ ဒဲ(လ်)ရှန်နွန်၊ ရှိုင်းအော်ဘစ်ဆန်တို့ နှင့် ကယ်(လ်) မကြားဖူးသော တိုင်းပြည်မှ ဘီးတဲ(လ်ခ်)အဖွဲ့တို့ ရေပန်းစားသောခေတ် ဖြစ်သည် ။

ထိုခေတ်သည် ကနေဒီ၊ စစ်အေးတိုက်ပွဲနှင့် ဗီယက်နမ်ခေတ် ဖြစ်သည် ။

အလုပ်တွေရလျှင် ပြီးအောင် လုပ်ကြသည် ။ နယူးဂျာဆီပြည်နယ် မြောက်ပိုင်းရှိ အရှေ့အောရိန်း၊ ယူနီယံနှင့် အဲလီဇဘက်မြို့များ တွင် သူ

တို့ လှည့်လည် နေထိုင်ကြသည် ။ ပြီးတော့ နယူးဘရန်းစဝစ်နှင့် ထရင်တန်မြို့ပြင်ဘက်၌ အလုပ်လုပ်သည် ။

ကယ်(လ်)၏ ဖခင်ကြီးက စီမံကိန်း အသေးစားတစ်ခု၏ ကြီးကြပ်ရေးမှူး လုပ်စဉ် ပိုင်းဘယ်ရင်း(စ်)၌ သူတို့ အတော်ကြာကြာ နေထိုင်သည် ။ ထို့နောက် အက်လန်းတစ် စီးရီးမြို့ရှိရာ တောင်ပိုင်းသို့ သူတို့ ပြောင်းသည် ။ ကယ်(လ်)အသက် ၈ နှစ်နှင့် ၁၆ နှစ်အတွင်း စာသင်ကျောင်းကိုးကျောင်း ပြောင်းတက်ခဲ့ရသည် ။ သူကား စနစ်တကျ ပညာဆည်းပူးခဲ့ရသူ မဟုတ်ပါ။

သို့သော် သူက လမ်းဘေးအထာ ကျေညက်လာသည် ။ ထိုးကြိတ်သတ်ပုတ်ခြင်း ကျွမ်းကျင်သည် ။ ကွယ်လွန်သူ သူ့မိခင်ကြီးနည်းတူ သူ့အရပ်က သိပ်မရှည်။ ငါးပေ ကိုးလက်မသာ ရှိသည် ။ သူ့ဖခင် လိုလည်း ကာယဗလ မတောင့်တင်း။ သို့သော် သူ၏ ကျစ်လစ်သွယ်လျသော ကိုယ်လုံးကြောင့် သက်လုံကောင်းသည် ။ သူ့လက်သီးထိုးချက်က လူသေနိုင်လောက်အောင် အားပြင်းသည် ။

တစ်ခါက စျေးပွဲတော်တစ်ခု၌ ကြေးစားလက်ဝှေ့သမားကို သူက စိန်ခေါ်ပြီး အလဲထိုးရာ ဆုငွေ ဒေါ်လာ ၂၀ ရသည် ။

အပေါစား ခေါင်းလိမ်းဆီနံ့ ထွက်နေသော လူတစ်ဦးက ကယ်(လ်)ကို လက်ဝှေ့သမားဖြစ်အောင် သူ၏ အားကစားရုံမှာ လာသင်စေဖို့ သူ့ဖခင်ကို အကြံပေးသည် ။

သို့သော် သူတို့ သားအဖ မြို့သစ်၊ အလုပ်သစ် ပြောင်းကြသည် ။ သူတို့ သားအဖမှာ အပန်းဖြေခရီးထွက်စရာ ငွေမရှိ၍ ကျောင်းရက်ရှည် ပိတ်သောအခါ ကယ်(လ်)လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သူ့ဖခင်နှင့်အတူ လိုက်သွားရသည် ။ လုပ်ငန်းခွင်ထဲတွင် သူက ကော်ဖီဖျော်၊

တောက်တိုမယ်ရ လုပ်ရသည် ။ တောက်တိုမယ်ရ အလုပ်တစ်ခုမှာ လူတစ်ယောက်က အက်လန်းတစ်စီးတီးမြို့ တစ်ဝန်းရှိ လိပ်စာမျိုးစုံသို့ ချောစာအိတ်များ သွားပေးခိုင်းပြီး မည်သူ့မျှ ဘာမျှမပြောဖို့ မှာ ကြားခြင်း ဖြစ်သည် ။

၁၉ဖခ၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက် အတွင်း၌ သူသည် လောင်းကစားဒိုင်တစ်ဒိုင်၏ ဆက်သားလေး ဖြစ်လာသည် ။ အခြေခံလူတန်းစားပင် ဖြစ်လင့်ကစား ပါးနပ်သွက်လက်သော ချာတိတ်ကလေးတစ်ယောက်က မျက်စိလျင်သေးသည် ။ ကယ်(လ်)သည် ရပ်ကွက်ထဲရှိ ရုပ်ရှင်ရုံထဲ ခိုးဝင်ကာ ဟောလိဝုဒ်၏ ရွှန်းလဲ့တောက်ပမှုကို အရသာခံသည် ။ ကျယ်ပြောသော စရိုက်ကြမ်းကြမ်း အနောက်ပိုင်းဒေသကို ငေးမောသည် ။ တေးသံစုံ ဇာတ်ကားများ ၏ ဖိတ်ဖိတ်တောက် အလှအပများ ၊ ဒင်းမာတင်နှင့် ဂျယ်ရီလူးဝစ္စတို့ ၏ ရူးကြောင်ကြောင် အမူအရာများကို ရှုစားသည် ။

တစ်ဦးကိုတစ်ဦး သိပ်ချစ်ပုံရသော မိဘများ ရှိသည့် ပြုံးရွှင်သော မိသားစုများ နေထိုင်ပြီး ပြောင်လက်သော သံမဏိပရိဘောဂ ပစ္စည်းနှင့် မီးဖိုဆောင်များ ပါဝင်သည့် အကောင်းစားတိုက်ခန်းများကို ကြော်ငြာများ တွင် သူမြင်နေရဆဲ ဖြစ်သည် ။

အဝေးပြေး လမ်းမကြီးတွင် စိုက်ထူထားသော ကြော်ငြာသင်ပုန်းကြီးများ ထဲမှ ပြောင်လက်သော ဇိမ်ခံကားကြီးများ နှင့် ပြိုင်ကားများကို သူကြည့်နိုင်သည် ။

ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ အလုပ်ကြမ်းသမားများကို သူ မမုန်းပါ။ သူတို့ သည် ကြမ်းတမ်း ရိုင်းစိုင်းကြသော်လည်း ဘာပဲပြောပြော သူတို့ အများ စုက သူ့အပေါ် ကောင်းကြသည် ။ လုပ်ငန်းခွင်ထဲ၌ သူလည်း

ဒဏ်ခံဦးထုပ် ဆောင်းရပြီး သူကျောင်းပြီးလျှင် သူ့ဖခင်ကြီးလို ဆောက်လုပ်ရေးလုပ်ငန်း ဝင်လုပ်လိမ့်မည်ဟု ယေဘုယျ အထင်ခံရသည် ။

သို့သော် သူ့မှာ တခြားစိတ်ကူးများ ရှိသည် ။ သူ၏ အနာဂတ်ဘဝက ဘာပဲဖြစ်ဖြစ် ဆောက်လုပ်ရေးလုပ်ငန်းနှင့် လုံးဝ မပတ်သက်စေရဟု သူသန္နိဋ္ဌာန် ချထားသည် ။

ပြီးတော့မှ ပိုကောင်း၍ ငွေပိုရကာ ပို၍ အနေချောင်သော ဘဝကိုရဖို့ သူ့မှာ ဘာမှ ပြန်ပေးစရာ မရှိမှန်း ရိပ်မိသည် ။ ရုပ်ရှင်မင်းသား လုပ်စားဖို့ သူစဉ်းစားသော်လည်း နာမည်ကျော် မင်းသားအများ စုမှာ အရပ်ငါးပေကိုးလက်မလောက်သာ ရှိမှန်း သူမသိဘဲ အားလုံး သူ့ထက် အရပ်မြင့်သည် ဟု သူယူဆသည် ။ သူ့ခေါင်းထဲ ဤအတွေး ပေါ်လာခြင်းမှာ ယမကာဆိုင်မှ စားပွဲထိုးကလေးတစ်ဦးက သူ့ရုပ်က မင်းသားဂျိမ်း(စ်)ဒင်းနှင့် အနည်းငယ်ဆင်သည် ဟု ပြောလိုက်ခြင်းကြောင့် ဖြစ်သည် ။

သို့သော် ဆောက်လုပ်ရေးလုပ်သားများက အူတက်မတတ် ရယ်ကြ၍ ထိုစိတ်ကူးကို သူ စွန့်လွှတ်လိုက်သည် ။

အားကစားနှင့် ပြေးခုန်ပစ်တို့ ကြောင့် လူငယ်တစ်ဦးသည် လမ်းဘေးမှ ကျော်ကြားကြီးပွားသူ ဖြစ်နိုင်သော်လည်း သူက ကျောင်းတွေ မကြာခဏ ပြောင်းရခြင်းကြောင့် ကျောင်းသားအားကစားအသင်း တစ်သင်းမျှ ပါဝင်ခွင့်မရခဲ့ချေ။

အရည်အသွေးပြည့်ဝဖို့ မဆိုထားနှင့် သင့်တင့်လျောက်ပတ်သော ပညာအရည်အချင်း လိုအပ်သော မည်သည့်ကိစ္စမဆို သူစဉ်းစားစရာမလို ။ ထို့ကြောင့် သူ့အနေနှင့် ကာယအလုပ်အကိုင်များ သာ ရွေးချယ်ခွင့် ရှိသည် ။ စားပွဲထိုး၊ ဟိုတယ်အမှူထမ်း (ကူလီ)၊ ကားဝပ်ရှော့လုပ်သား၊ ပစ္စည်းပို့သော ကားမောင်းသူ စသဖြင့် စာရင်းက အဆုံးမဲ့သည် ။ သို့သော်

ထိုအလုပ်များကြောင့် ရရှိမည့် အကျိုးကျေးဇူးများကို စဉ်းစားပါက ဆောက်လုပ်ရေးလုပ်ငန်းပဲ ဆက်လုပ်တာ ကောင်းမည်။ အသက်အန္တရာယ် ရှိခြင်းနှင့် ပင်ပန်းကြမ်းတမ်းခြင်းတို့ ကြောင့် လုပ်အားခက အခြားအလုပ်အများ စုထက် ပိုသည် ။

ဒါမှ မဟုတ် ရာဇဝတ်လောကရှိသေးသည် ။ နယူးဂျာဆီမြို့ သင်္ဘော ဆိပ်ကမ်း သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းများ တွင် ကြီးပြင်းသူ တစ်ဦးသည် ဂိုဏ်းဖွဲ့ ရာဇဝတ်များ ၊ လူဆိုးဂိုဏ်းများ တွင် လုပ်ကိုင်ခြင်းကြောင့် အပျံစားတိုက်ခန်း၊ မြန်ဆန်သော မော်တော်ကားများ နှင့် အညာလွယ်သော မိန်းမများ ပါဝင်သော ဘဝကို ရရှိနိုင်ကြောင်း သိကြသည် ။ ထိုအလုပ်ကြောင့် ထောင်ကျကိန်းက နည်းသည် ။ သူသည် အီတလီ အမေရိကန်ကပြား မဟုတ်၍ အုပ်စုဖွဲ့ ရာဇဝတ်ဂိုဏ်း၏ လူကုံထံ အလွှာထဲသို့ ဝင်ခွင့် မရနိုင်သော်လည်း ကောင်းစားသွားသော အင်္ဂလို-ဆက်ဇန် မျိုးနွယ် လူဖြူများ လည်း ရှိသေးသည် ။

၁၇ နှစ်သားအရွယ်၌ သူကျောင်းထွက်ပြီး နောက်နေ့ကျတော့ ဖခင်ကြီး၏ လုပ်ငန်းခွင်၌ အလုပ်ဝင်သည် ။

ကမ်ဒင်မြို့ပြင်ဘက်ရှိ ပြည်သူ့အိမ်ရာ ဆောက်လုပ်ရေး စီမံကိန်း တစ်ခုတွင် သူလုပ်ကိုင်ရသည် ။ တစ်လအကြာတွင် မြေသယ်ယာဉ်မောင်းသူမှာ နာမကျန်းဖြစ်၍ အစားထိုးရန် လူလိုသည် ။

ထိုအလုပ်အတွက် ကျွမ်းကျင်မှုရှိဖို့ လိုသည် ။ ကယ်(လ်)က မြေသယ်ယာဉ်၏ ခေါင်းခန်းထဲ ဝင်စပ်စုသည် ။ သူ အဓိပ္ပာယ်ပေါက်သွားသည် ။

"ဒီဟာကို ကျွန်တော် မောင်းနိုင်ပါတယ်"ဟု သူက ပြောရာ ကြီးကြပ်ရေးမှူးက သိပ်လက်မခံချင်။

ကယ်(လ်)ကို ထိုအလုပ်ခန့်ခြင်းမှာ စည်းကမ်းဖောက်ခြင်း ဖြစ်မည်။ အကယ်၍ စစ်ဆေးရေးအရာရှိ ရှောင်တခင် လာစစ်ဆေးပါက ကြီးကြပ်ရေးမှူး အလုပ်ပြုတ်မည်။ တစ်ဖက်မှာ လည်း လုပ်သားတစ်အုပ်စုလုံးက မြေစာပုံကြီးများကို နေရာရွှေ့ပေးဖို့ အတွက် ရပ်စောင့်နေကြသည် ။

"အဲဒီမှာ မောင်းတံတွေ အများကြီးကွ"

သူက ပြောရာ ကယ်(လ်)က

"ကျွန်တော့်ကို ယုံစမ်းပါ"ဟု ပြန်ပြောသည် ။

ဘယ်မောင်းတံက ဘာအတွက်ဖြစ်ကြောင်း မိနစ် ၂၀ အတွင်း သူသိသွားသည် ။ သူက မြေကြီးများကို စတင်ရွှေ့ပေးသည် ။ ဤအလုပ်အတွက် ဆုကြေးရသော်လည်း သူ့အတွက် အသက်မွေးဝမ်းကျောင်းအလုပ် မဟုတ်သေးပါ။

၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလတွင် သူ့အသက် ၁၈ နှစ် ပြည့်ပြီး ဗီယက်ကောင်းတို့ က 'တက်' ထိုးဆင်စစ်မှုကြီး စတင်သည် ။ ကမ်ဒမ်မြို့ရှိ အရက်ဆိုင်ထဲမှ တီဗီကို သူကြည့်နေသည် ။ သတင်းကြေညာပြီးတော့ ကြော်ငြာ အတော်များများ ပြသည် ။ ထို့နောက် စစ်တပ်က စစ်သားစုဆောင်းရေး ရုပ်ရှင်ကားတိုလေးကို ပြသည် ။ သင်ကာယကြံ့ခိုင် ကျန်းမာပါက စစ်တပ်က သင့်ကို ပညာသင်ပေးမည်ဟု ပြောသည် ။

နောက်နေ့၌ ကမ်ဒင်ရှိ အမေရိကန်စစ်ရုံးထဲသို့ သူဝင်သွားပြီး

"ကျွန်တော် စစ်တပ်ထဲ ဝင်ချင်တယ်" ဟု ပြောသည် ။

ထိုခေတ်က သမားရိုးကျမဟုတ်သော အခြေအနေတချို့အရ သို့မဟုတ် ဆန္ဒအလျောက် ပြည်ပ၌ သွားရောက်နေထိုင်ခြင်းတို့ ကြောင့် အမေရိကန် လူငယ်တိုင်း ၁၈နှစ်ပြည့်ပြီး မကြာမီ၌ စစ်မှုမထမ်း မနေရဟူသော

ဥပဒေရှိသည် ။ ဆယ်ကျော်သက် အားလုံးလိုလိုနှင့် ယင်းဦးရေ၏ နှစ်ဆ ရှိသော မိဘများ ၏ ဆန္ဒက တပ်မှ ထွက်ရေးဖြစ်သည် ။ စားပွဲတွင် ထိုင်နေသော တပ်ကြပ်ကြီးက ကယ်(လ်) ၏ စစ်မှုထမ်းခေါ်စာ ကတ်ပြားကို လှမ်းတောင်းသည် ။

"ကျွန်တော့်မှာ မရှိဘူး။ ကျွန်တော်က ဆန္ဒအလျောက် စစ်ထဲဝင်ချင်တာပါ"

ကယ်(လ်)က ပြေရာ သူ့ကို ၎င်းတို့ က အာရုံစိုက်မိသည် ။

တပ်ကြပ်ကြီးက ထွက်ပြေးမည့် ယုန်သူငယ်ကို မျက်ခြည်ပြတ် မခံလိုသော မြွေပါတစ်ကောင်လို သူ့မျက်လုံးကို စိုက်ကြည့်ရင်း လျှောက်လွှာတစ်စောင် လှမ်းပေးသည် ။

"အေး ကောင်းတာပေါ့ ချာတိတ်ရဲ့ ။ ဒါဟာ သိပ်လိမ္မာတဲ့ လုပ်ရပ်ပဲ။ ငါပေးမဲ့ အကြံတစ်ခု မင်းလက်ခံမလား"

"ဟုတ်ကဲ့"

"စစ်မှုထမ်းဖို့ လိုအပ်တဲ့ နှစ်နှစ်အစား သုံးနှစ်ပြည့်အောင် မင်းတာဝန် ထမ်းဆောင်ပါ။ ရာထူးပိုကောင်းပြီး ရွေးချယ်ခွင့်တွေ ပိုရနိုင်တယ်ကွ ။ မင်းသုံးနှစ်ပြည့်အောင် တာဝန်ထမ်းဆောင်ရင် ဗီယက်နမ်မသွားရအောင် ရှောင်လို့ ရနိုင်မယ်"

တပ်ကြပ်ကြီးက နိုင်ငံတော်လျှို့ဝှက်ချက်တစ်ချက် သူ့ကို ဖွင့်ပြောသလို သူ့ဆီ ခါးကိုင်းပြီး ခပ်တိုးတိုးလေး ပြောသည် ။

"ဒါပေမဲ့ ကျွန်တော်က ဗီယက်နမ် သွားချင်တာပါ"

ညစ်ပတ်နေသည့် ဂျင်း(နှ်)ဘောင်းဘီဝတ် ကောင်လေးက ပြန်ပြောစဉ် တပ်ကြပ်ကြီးက ပြန်သုံးသပ်သည် ။

"ကောင်းပြီလေ" ဟု သူက ဖြည်းဖြည်းပြောသည် ။

"မင်းညာလက်ဖဝါးထောင်စမ်း"

***

နောက် ၃၃နှစ် ကြာသောအခါ ဆောက်လုပ်ရေး လုပ်သားလေး ကယ်(လ်)သည် လိမ္မော်သီးအားလုံးကို သစ်သီးဖျော်စက်ထဲ ထိုးသိပ်ထည့်ပြီး ဖျော်ရည်နှင့် သတင်းစာ အထပ်ကြီးကိုပါ ဇည့်ခန်းထဲသို့ ယူသွားသည် ။

သူက နည်းပညာမဂ္ဂဇင်းကို ဦးစွာဖတ်သည် ။

"ရှေးဟောင်းလေယာဉ်ပျံများ " မဂ္ဂဇင်းမှာ စောင်ရေ သိပ်များ သော မဂ္ဂဇင်းမဟုတ်ဘဲ ပင်နင်တန်မြို့တွင် မဂ္ဂဇင်းကို သီးသန့်အော်ဒါ မှာ ယူ မှ သာ ဖတ်နိုင်သည် ။ ဂန္ဆဝင်နှင့် ဒု-ကမ္ဘာစစ်က လေယာဉ်ပျံများကို နှစ်သက်စွဲလမ်းသူများ အတွက် သီးသန့်ဖြစ်သည် ။

အပြေးသမားကြီး ကယ်(လ်)ဒက်(ဇ်)တာက ထိုမဂ္ဂဇင်းထဲတွင် ပါလာသော ကြော်ငြာကဏ္ဍကို လှန်ကြည့်ပြီး 'အလိုရှိသည် ' ကြော်ငြာများကို လေ့လာသည် ။

လိမ္မော်ရည်ဖန်ခွက် သူ့ပါးစပ်နားမတေ့မီ ရပ်ပြီး ဖန်ခွက်ကိုပြန်ချ ကာ ကြော်ငြာကို ပြန်ဖတ်သည် ။

"အဗင်းဂျား (လက်စားချေသူ) အလိုရှိသည် ။ စျေးကောင်းကောင်း ပေးမည်။ စျေးနှုန်း အကန့်အသတ်မရှိ။ ဖုန်းဆက်ပါ"

ပစိဖိတ်သမုဒ္ဒရာထဲ၌ တော်ပီဒိုပစ်လွှတ်သော ဂရမ်မင်အဲဗင်းဂျား ဗုံးကျဲလေယာဉ်တစ်စီးမျှ ယခုအခါ ဝယ်ယူ၍ မရနိုင်တော့ပါ။ ယင်းတို့မှာ ပြတိုက်များ ထဲသာ ရှိသည် ။

တစ်စုံတစ်ယောက်က ဆက်သွယ်ရေးကုဒ်ကို ရှာတွေ့သွားခဲ့ပြီ။ ဖုန်းနံပါတ်တစ်ခု ပေးထားသည် ။ ယင်းမှာ မိုဘိုင်းဖုန်းနံပါတ်သာ ဖြစ်ရမည် ။

ထိုနေ့ကား ၁၃-၅-၂၀၀၁

******

အခန်း - ၂

စတေးခံရသူ

ရင်ကီကိုလင်ဆိုသည် အသက် ၂၁ နှစ်အရွယ်၌ ဘော့စနီးယားနိုင်ငံမှ မိလ္လာတွင်းထဲ၌ သေဆုံးဖို့ မွေးဖွားခဲ့သူ မဟုတ်ပါ။ သူ့ဘဝက ဤနည်းဖြင့် နိဂုံးမချုပ်သင့်ပါ။ သူသည် ကောလိပ်မှ ဘွဲ့ယူပြီး အမေရိကန်နိုင်ငံ၌ပင် သားမယားနှင့်အတူ နေထိုင်ရင်း ဘဝ၊ လွတ်မြောက်မှုနှင့် စိတ်ချမ်းသာမှုတို့ ကို သင့်တင့်စွာ ရရှိခွင့်အတွက် မွေးဖွားခဲ့သူ ဖြစ်သည် ။

သူက စိတ်ထားကောင်းလွန်းသောကြောင့် လွဲချော်သွားပါသည် ။

၁၉၇၀ ပြည့်နှစ်တုန်းက ဝါရှင်တန်မြို့တော် အပြင်ဘက် ဂျော့တောင်းတက္ကသိုလ်တွင် အေဒရီယံကိုလင်ဆိုသူ သင်္ချာပါမောက္ခအဖြစ် ဉာဏ်ထက်မြက်သော လူငယ်သင်္ချာပညာရှင်လေး တစ်ဦး အမှုထမ်းဆောင်ခဲ့သည် ။ သူ့အသက်က ၂၅ နှစ်သာရှိသေး၍ ထိုရာထူးအတွက် ငယ်လွန်းသည် ။

နောက်သုံးနှစ် ကြာသောအခါ ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့၌ နွေရာသီဆွေးနွေးပွဲတစ်ခုတွင် သူဟောပြောရသည် ။ ထိုဆွေးနွေးပွဲ တက်သူများထဲတွင် အေဒရီယံ ဟောပြောတာကို သိပ်နားမလည်သော်လည်း အလွန်ချစ်စရာကောင်းသော အင်နီအက်မန် ဆိုသူ ကျောင်းသူလေးတစ်ဦး ပါဝ

င်သည် ။ အေဒရီယံကို သူမက သဘောကျသွားပြီး ရင်းနှီးသော သူငယ်ချင်းများမှ တစ်ဆင့် ၎င်းတို့ နှစ်ဦး ချိန်းတွေ့ဖို့ စီစဉ်ကြသည် ။

အေဒရီယံသည် သူမ ဖခင်အကြောင်း လုံးဝမကြားဖူး၍ သူမကြောင်သွားပြီး ဝမ်းလည်း သာသွားသည် ။ သူမကို သိုက်တူးသမား ဒါ၎င်ဝင်ခန့်က အသည်းအသန် ပိုးပန်းလျက်ရှိသည် ။

ဟိုတယ်သို့ ကားဖြင့်ပြန်သွားစဉ် အေဒရီယံမှာ သခ်ၢာပညာ အံ့မခန်း တော်ရုံမျှမက အနမ်းလည်း တော်သူဖြစ်ကြောင်း သူမ တွေ့ရှိရသည် ။

တစ်ပတ်အကြာ၌ ဝါရှင်တန်သို့ လေယာဉ်ဖြင့် သူပြန်သွားသည် ။ အင်နီအက်မွန်ကား ငြင်းပယ်သင့်သော မိန်းမပျိုလေးတစ်ဦး မဟုတ်ပါ။ သူမက အလုပ်ထွက်ပြီး ကနေဒါတောင်သစ်ဝန်ရုံး၌ အလုပ်ဝင်ကာ ဝစ္စကွန်ဆင်ရိပ်သာလမ်းအနီး၌ တိုက်ခန်းငှား၍ လက်ဆွဲသေတ္တာဆယ်လုံးဖြင့် ရောက်လာသည် ။ ထိုအလုပ်မှာ ဂုဏ်ရှိပြီး လစာရသော်လည်း အလုပ်လုပ်စရာ မလိုချေ။ နောက်နှစ်လအကြာ၌ သူတို့ လက်ထပ်လိုက်ကြသည် ။ မင်္ဂလာပွဲကို အွန်တဲရီယိုပြည်နယ်၊ ဝင်ဆာမြို့၌ အကျဉ်းရုံးကျင်းပပြီး အမေရိကန်၊ ဗာဂျင်ကျွန်းရှိ ကင်နီး(လ်)ပင်လယ်အော်တွင် ပျားရည်ဆမ်း ခရီးထွက်သည် ။

အင်နီ၏ မိခင်ကြီးက မင်္ဂလာလက်ဖွဲ့အဖြစ် ကျော့တောင်းမြို့နယ်မှ တောအဆန်ဆုံးနှင့် လူကြိုက်အများ ဆုံး ရပ်ကွက်တစ်ခုရှိ နီဘရားစကား ရိပ်သာလမ်းအနီး ဖောက်(ဇ)ဟော(လ) လမ်းထဲ၌ ကျေးလက်အိမ်ကြီး ဝယ်ပေးသည် ။ ၎င်းအိမ်မှာ တစ်ဧကအကျယ် မြေကွက်ပေါ်တည်ရှိပြီး ရေကူးကန်နှင့် တင်းနစ်ကွင်းတို့ ပါရှိသည် ။

အင်နီရသော ထောက်ပံ့ငွေက အိမ်စရိတ်လုံလောက်ပြီး အေဒီယံ၏ ဝင်ငွေက အခြားစရိတ်အားလုံးအတွက် လုံလောက်မည်။ သူတို့ နှစ်ဦး

က အကြင်နာမေတ္တာ လွှမ်းခြုံသော အိမ်ထောင်လေးကို ထူထောင်သည် ။ ၎င်းတို့ ၏ သားဦးကလေး ရစ်ချတ်အဲရ်စတီဗင်ကို ၁၉၇၅ ခုနှစ် ဧပြီလ တွင် မွေးဖွားပြီး မကြာခင် 'ရစ်ကီ'ဟု နာမည်ပြောင်းတွင် သည် ။ လုံခြုံပြီး ချစ်တတ်သော မိဘများ ၏ အိမ်တွင် အခြားအမေရိကန်လူငယ် သန်းပေါင်းများ စွာနည်းတူ သူကြီးပြင်းပြီး ကောင်လေးများ လုပ်သမျှ သူအကုန်လုပ်သည် ။

နွေရာသီတောစခန်း ထွက်သည် ။ မိန်းကလေးများ နှင့် ပြိုင်ကားများ ၏ ရင်ခုန်ဖွယ်အရသာကို သူစူးစမ်းရှာဖွေ တွေ့ရှိသည် ။ စာမေးပွဲရမှတ်များ နှင့် ဖြေဆိုရမည့် စာမေးပွဲများ အတွက် သူစိုးရိမ်သည် ။

သူသည် သူ့ဖခင်လောက် မတော်သော်လည်း ဉာဏ်ထိုင်းသူ မဟုတ်ပါ။ သူ့ဖခင်၏ ခပ်ကြောင်ကြောင်အပြုံးနှင့် သူ့မိခင်၏ ချောမောသော ရုပ်ရည်ကို သူအမွေရသည် ။ သူ့အသိတိုင်းက သူ့ကို လူလိမ္မာလေးဟု သတ်မှတ်မည်။

သူ့ဆီ တစ်စုံတစ်ယောက်က အကူအညီတောင်းလျှင် အတတ်နိုင်ဆုံး လုပ်ပေးသည် ။ သို့သော် ဘော့စနီးယားသို့ သူမသွားသင့်ချေ။

၁၉၉၄ ခုနှစ်တွင် သူအထက်တန်းအောင်ပြီးနောက် ဆောင်းဦးရာသီ ၌ ဟားဗတ်(ဒ်) တက္ကသိုလ် တက်ခွင့်ရသည် ။ ထိုနှစ်ဆောင်းရာသီတွင် အမေရိကန်နိုင်ငံနှင့် အလွန်ဝေးသော ဘော့စနီးယားဟူသည့် နိုင်ငံလေးမှာ မျိုးဖြုတ်သတ်ဖြတ်မှုများ ၏ ရက်စက်မှု၊ ဒုက္ခသည် များ ၏ စိတ်ဆင်းရဲမှုများ နှင့် ကူညီကယ်ဆယ်ရေး အစီအစဉ်များကို ရုပ်မြင်သံကြားတွင် သူကြည့်ရင်း ၎င်းတို့ ကို တစ်နည်းနည်းဖြင့် ကူညီချင်သည် ဟု သူဆုံးဖြတ်သည် ။

သူ့မိခင်က အမေရိကားမှာ ပဲ သူနေသင့်သည် ဟု ချော့မော့

ပြောသည် ။ သူ၏ လူမှုရေးအသိစိတ်ကို အသုံးချလိုပါက ပြည်တွင်းမှာ ပင် ကယ်ဆယ်ရေး အစီအစဉ်တွေရှိသည် ဟု ဆိုသည် ။ သို့သော သူမြင်ထားသည့် မီးလောင်ခံရသော လူများ ၊ ငိုယိုနေသော မိဘမဲ့ကလေးများ နှင့် ကြောင်တောင်ကန်း မျက်လုံးနှင့် စိတ်ပျက်လက်ပျက် ဖြစ်နေသော စစ်ရှောင်ဒုက္ခသည် များ ၏ ပုံရိပ်များက သူ့အားပြင်းထန်စွာ စိတ်ထိခိုက်စေခဲ့သည် ။

ဘော့စနီးယားပဲ သူသွားမှ ဖြစ်မည်။ ဘော့စနီးယားဒုက္ခသည် ကူညီရေးမှာ ပါဝင်ပတ်သက်ခွင့်ပြုဖို့ သူက သူ့မိခင်ကို ခယတောင်းပန်သည် ။ သူ့ဖခင်က ဖုန်းဆက်စုံစမ်းပေးရာ ဘော့စနီးယားဒုက္ခသည် ကူညီရေးအတွက် ကမ္ဘာလုံးဆိုင်ရာရုံးမှာ နယူးယောက်မြို့တော်၌ ရုံးကြီးတည်ရှိသော ဒုက္ခသည် များ ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ မဟာမင်းကြီးရုံး (UNHCR) ဖြစ်ကြောင်း သိရသည် ။

၁၉၉၅ ခုနှစ် နွေဦးရာသီ အစောပိုင်းတွင် ပြည်တွင်းစစ် သုံးနှစ်ဖြစ်ပြီး ယူဂိုဆလားဗီးယား ပြည်ထောင်စုဟောင်းမှ စစ်ဘေးဒဏ်သင့် ဘော့စနီးယားစီရင်စုက သီးခြားခွဲထွက်သည် ။ UNHCR က နိုင်ငံတကာအမှုထမ်း ၄၀၀ ဦးခန့်၊ ဒေသခံအမှုထမ်း ထောင်သောင်းများ စွာနှင့်အတူ အင်အားအပြည့် ရောက်ရှိနေသည် ။ ကူညီရေးအဖွဲ့ကို ရပ်သံ၌ ရစ်ကီမြင်ဖူးသော မုတ်ဆိတ်ဗရပျစ်နှင့် တက်ကြွဖျတ်လတ်လှသော ဗြိတိသျှစစ်သည် ဟောင်း လယ်ရီဟိုးလင်းစဝ်က ဦးဆောင်သည် ။ ထိုအဖွဲ့၌ ပါဝင်ခွင့်ရဖို့ ရစ်ကီက နယူးယောက်သို့ သွားစုံစမ်းသည် ။

နယူးယောက်မှ UNHCR ရုံးက သူ့ကို ကောင်းစွာ ဆက်ဆံသော်လည်း စိတ်အားထက်သန်မှု သိပ်မရှိချေ။

အပျော်တမ်းများ ၏ ကမ်းလှမ်းချက်များ တဖွဲဖွဲ ရောက် လာပြီး လူ

ကိုယ်တိုင် လာတွေ့မှုများ လည်း နေ့စဉ် ဒါဇင်ပေါင်းများ စွာ ရှိသည် ။ ဤရုံးသည် ကုလသမဂ္ဂ (UN) ရုံးဖြစ်သည် ။ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ရှိသည် ။ ဗျူရိုကရေစီ စနစ်ကြောင့် ခြောက်လအချိန်ကုန်သည် ။ ပစ်ကပ်ကားတစ်စီး၏ လေးကျိုးနိုင်လောက်အောင် ရေးဖြည့်စရာ ပုံစံစာရွက်တွေ လျှောက်လွှာတွေက များ ပြားလွန်းသည် ။ နောက်ပြီး ဆောင်းရာသီ၌ ဟားဗတ်(ဒ်)သို့ ရစ်ကီသွားရမည်ဖြစ်၍ နောက်ဆုံး၌ သူ အပယ်ခံရသည် ။

အပယ်ခံရသော ကောင်လေးရစ်ကီသည် နေ့လယ်စာ စားချိန်အစတွင် ဓာတ်လှေကားဆီသို့ ပြန်လျှောက်လာစဉ် သက်လတ်ပိုင်းအရွယ် စာရေးမတစ်ဦးက သူ့ကို ပြုံးပြသည် ။

"မောင်လေး သိပ်ကူညီချင်တယ်ဆိုရင် ဇာဂရက်မြို့က ဒေသခံဆိုင်ရာ ရုံးကို သွားရလိမ့်မယ်။ သူတို့ က ဒေသခံတွေကို လက်ခံတယ်။ အခင်းဖြစ်နေတဲ့ နေရာမှာ ပိုပြီး လျှော့လျှော့ပေါ့ပေါ့ လုပ်တယ်"

သူမက ပြောသည် ။

ခရိုအေးရှားမှာ တစ်ချိန်တုန်းက ယခုအခါ တစ်စစီ ပြိုကွဲနေသော ယူရိုဆလားဗီးယား၏ အစိတ်အပိုင်း ဖြစ်ခဲ့သည် ။

သို့သော် ၎င်းက တရားဝင်ခွဲထွက်ကာ နိုင်ငံသစ် ထူထောင်ခဲ့ပြီး ဖြစ်သည် ။ အဖွဲ့အစည်း အများ အပြားမှာ ခရိုအေးရှားမြို့တော် ဇာဂရက်၏ လုံခြုံရေးအရ ၎င်းမြို့၌ အခြေစိုက်ကြသည် ။ ၎င်းအဖွဲ့တစ်ဖွဲ့ကား UNHCR ဖြစ်သည် ။

ရစ်ကီက သူ့မိဘများ ထံ ဖုန်းဆက်၍ စကားအကြာကြီးပြောရာ ၎င်းတို့ က ခွင့်ပြုလိုက်ကြသည် ။ ပြီးတော့ နယူးယောက်-ဗီယင်နာနှင့် ဇာဂရက်ခရီးစဉ်အတိုင်း လေယာဉ်စီးသွားသည် ။

သို့သော် လျှောက်လွှာများ စွာ ဖြည့်စွက်ရပြီး နှစ်ရှည်လုပ်မည့် သူများကိုသာ လိုချင်သည် ဟု သူ့ကို အကြောင်းပြန်သည် ။ နွေရာသီ ကာလ အပျော်တမ်းသမားများ အတွက် အဖွဲ့အစည်းများက တာဝန် အများကြီး ယူရသော်လည်း ၎င်းတို့ ကို သိပ်အားမကိုးရပါ။

"မင်း အင်ဂျီအိုတစ်ခုခုကို သွားစုံစမ်းကြည့်ပါလား။ သူတို့ က ကဖီး ဆိုင်မှာ ဆုံလေ့ရှိကြတယ်"

ဒေသဆိုင်ရာ ထိန်းချုပ်သူက သူ့ကို ကူညီဖို့ ကြိုးစားရင်း အကြံပေး သည် ။

UNHCR မှာ ကမ္ဘာ့အဖွဲ့အစည်းကြီး တစ်ခုဖြစ်ကောင်း ဖြစ်နိုင်သော် လည်း ၎င်းတစ်ဖွဲ့တည်းနှင့် မပြီးပါ။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးမှာ သီးခြား လုပ်ငန်းကြီးဖြစ်ပြီး လူအမြောက်အမြား အတွက် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခု ဖြစ်သည် ။

ကုလသမဂ္ဂနှင့် အစိုးရအဖွဲ့၏ သီးခြားကူညီမှုများ ပြီးလျှင် အင်ဂျီအို များကို အားကိုးရသည် ။ ဘော့စနီးယားအရေးတွင် ပါဝင်ပတ်သက်သ ည့် အင်ဂျီအိုပေါင်း ၃၀၀ ကျော်ရှိသည် ။

အများ ပြည်သူတို့ အနေဖြင့် ၎င်းအဖွဲ့ခြောက်ဖွဲ့၏ နာမည်လောက် သာ ကြားဖူးကြမည်။ ၎င်းတို့ ကား ဗြိတိန်မှ Save The Children၊ အမေ ရိကန်မှ Feed The Children, Age Concerns, War on Want, Medecins sans Frontieres (နယ်စည်းမခြား ဆရာဝန်များ အဖွဲ့ခေါ် MSF) တို့ အား လုံး ဇဝရက်ခ် ရှိကြသည် ။

အချို့က ဘာသာရေးအခြေခံပြီး အချို့က ဘာသာရေးနှင့် မ သက်ဆိုင်ပါ။ နောက်ပြီး အင်ဂျီအို အသေးစား အများ အပြားမှာ အနော

ဂ်ကမ္ဘာသို့ အဆုံးမဲ့ လွှင့်ပြသနေသော တီဗီပုံရိပ်များ ၏ လှုံ့ဆော်မှု ကြောင့် ဘော့စနီးယား ပြည်တွင်းစစ်ပွဲအတွက် တည်ထောင်ခဲ့ကြ သူများ ဖြစ်သည် ။ အောက်ဆုံးအဆင့်တွင် ရပ်ကွက်ယာမကာဆိုင်၌ အ ရက်သောက်ခဲ့သော ဗလတောင့်တောင့် ယောကျ်ားတစ်ဦးနှစ်ဦးက ဥ ရောပတိုက်တစ်လွှား မောင်းနှင်နေသော ကုန်ကားများ ပင် ရှိသည် ။

ဘော့စနီးယား၏ အလယ်ဗဟိုသို့ နောက်ဆုံးခရီးစဉ်အတွက် ထွက် ခွာ ရ နိ် နေ ရာ မှာ ဇာဂရက် သို့မဟုတ် အေဒရီးယားပင်လယ် သင်္ဘောဆိပ်ကမ်း 'စပလစ်'ဖြစ်သည် ။

ရစ်ကီက ကဖီးဆိုင်ကို ရှာတွေ့၍ အပြင်ဘက်မှ မတ်လ၏ အေးစက် သောလေဒဏ်ကို ခံနိုင်ရန် ကော်ဖီနှင့် ဒေသအစာ မှာ ယူပြီး ဖြစ်နိုင် ဖွယ်ရှိသော အဆက်အသွယ်ကို ရှာဖွေသည် ။ နောက်နှစ်နာရီကြာသော အခါ ကုန်ကားမောင်းသမား၏ ကိုယ်လုံးမျိုးရှိသော မုတ်ဆိတ်နှင့် ကိုယ် လုံးတုတ်တုတ်ခိုင်ခိုင် လူတစ်ဦး ဆိုင်ထဲ ဝင်လာသည် ။ သူက အကွက်ဒီ ဇိုင်းပါသော ရှပ်အင်္ကျီဝတ်ထားပြီး ကယ်ရိုလိုင်းနားပြည်နယ် တောင် ပိုင်း သို့မဟုတ် မြောက်ပိုင်းသားလေသံဟု ရစ်ကီယူဆသော အသံဖြင့် ကော်ဖီနှင့် ကောညက် မှာ သည် ။ ရစ်ကီက ထိုလူ့ဆီချဉ်းကပ်ပြီး သူ့ဘာ သာ မိတ်ဆက်ရာ သူ ကံကောင်းသွားသည် ။

ဂျွန်ဆလက်သည် 'ပေါင်မုန့်နှင့်ငါးများ ' အမည်ရှိ အမေရိကန် ပရ ဟိဟာအဖွဲ့ငယ်လေး၏ တစ်ဖွဲ့အတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ ဖြန့်ချိပေးနေသူ ဖြစ်သည် ။

ဂင်းကို 'ကယ်တင်ခြင်းလမ်းမ'၏ အဖွဲ့ခွဲအဖြစ် မကြာခင်ကမှ ဖွဲ့စည်းခဲ့သည် ။ 'ကယ်တင်ခြင်းလမ်းမ'အဖွဲ့ကို တောင်ပိုင်း ကယ်ရို လိုင်းနားပြည်နယ်၊ ချား(လ်)စတန်မြို့မှ ရုပ်မြင်သံကြား ဇဂဝံလိ သိက္ခာ

တော်ရဆရာ ဘီလီဂျုံး(စ်)က တည်ထောင်ထားခြင်း ဖြစ်သည် ။

ဂျွန်ဆလက်က ယခင်က ကြားဖူးပြီးသား လူတစ်ဦးပမာ 'ရစ်ကီ'ပြောသမျှကို နားထောင်သည် ။

"မင်း.. ပစ်ကပ်ကားမောင်းတတ်လား ချာတိတ်"

"ဟုတ်ကဲ့"

ရစ်ကီ့စကားက သိပ်မမှန်သော်လည်း အဝေးပြေး ထရပ်ကားမှာ ပစ်ကပ်ကားငယ်နှင့် တူမည်ဟု သူယူဆသည် ။

"မင်းမြေပုံ ကြည့်တတ်လား"

"ကြည့်တတ်ပါတယ်"

"မင်းလစာ များများ လိုချင်သလား"

"ဟင့်အင်း။ ကျွန်တော့်အဘိုးက ကျွန်တော်တို့ ကို လစဉ်ကြေး ထောက်ပံ့ပါတယ်"

ဂျွန်ဆလက် မျက်လုံးဝင်းသွားသည် ။

"မင်းက ဘာမှ မလိုချင်ဘဲ ကူညီရုံပဲ ကူညီချင်တာလား"

"ဟုတ်ပါတယ်"

"အိုကေ။ မင်းကို ငါလက်ခံလိုက်ပြီ။ ငါက အဓိကအားဖြင့် ဩစတြီးယားမှာ ကယ်ဆယ်ရေး အစားအစာတွေ၊ အဝတ်အစားတွေ၊ စောင်တွေ စသဖြင့် သွားဝယ်တယ်။ ဘ့ါကုန်ကားနဲ့ ဇာဂရက်ကို မောင်းသွားတယ်။ ဆီဖြည့်ပြီး ဘော့စနီးယားကို ဆက်သွားတယ်။ ငါတို့ အဖွဲ့က ထရာ့ဗနစ်မှာ အခြေစိုက်တယ်။ အဲဒီမှာ ဒုက္ခသည် တွေ ထောင်ချီပြီး ရှိတယ်"

"အဲဒါဆို ကျွန်တော်နဲ့ အံကိုက်ပဲ။ ကျွန်တော့်ဘာသာ စရိတ်ခံမယ်"

ရစ်ကီက ပြောသည် ။

ဆလက်က သူ့ လက်ကျန်ကော့ညက်ကို အပြတ်ရှင်းသည် ။

"သွားစို့.. ချာတိတ်"

ကုန်ကားမှာ ဂျာမနီနိုင်ငံလုပ် ၁၀ တန်ဟာနိုမက် အမျိုးအစားဖြစ်သည် ။ နယ်စပ်မရောက်မီ ရစ်ကီက ထိုကားကို မောင်းတတ်သည် ။ ထရာ့ဗနစ်သို့ ၁၀နာရီကြာမှ ရောက်သည် ။ တစ်ယောက်တစ်လှည့်စီ မောင်းကြသည် ။

ထရာ့ဗနစ်မြို့ပြင်ဘက်ရှိ 'ပေါင်မုန့်နှင့် ငါးများ ' ခြံဝင်းသို့ ရောက်သောအခါ ညသန်းခေါင် ရောက်နေပြီ။ ဆလက်က ရစ်ကီ့ကို စောင်အတော်များများ ပစ်ပေးသည် ။

"ခေါင်းခန်းမှာ မင်းဒီညအိပ်ချေ။ မနက်ကျမှ မင်းနေဖို့ အိမ်ရှာပေးမယ်"

'ပေါင်မုန့်နှင့် ငါးများ ' အဖွဲ့အစည်းက တကယ်ပင် သေးငယ်သည် ။ မြောက်ပိုင်းသို့သွား၍ ရိက္ခာထပ်ယူရန် ဒုတိယကုန်ကား မောင်းမည့် ဆွီဒင်နိုင်ငံသားတစ်ဦး။ ရိက္ခာခိုးသူများအား ဟန့်တား၍ သံကွင်းဆက် တပ်ခြံစည်းရိုးခတ် ခြံဝင်းငယ်တစ်ခု။ အလုပ်သမားသုံး ရွှေ့ပြောင်းတဲကို အသွင်ပြောင်းထားသည့် ရုံးခန်းနှင့် အထုပ်မဖြည်သေးခင် ကားပေါ်မှ ချထားသည့် ပစ္စည်းများ အတွက် သိုလှောင်ရုံခေါ် ဂိုဒေါင်တစ်လုံးနှင့် ဒေသခံ ဘော့စနီးယားအမှုထမ်း သုံးဦးတို့ သာ ရှိလေသည် ။

ကူညီထောက်ပံ့ရေး ကုန်ပစ္စည်းများ ဖြန့်ချိရန်အတွက် အနက်ရောင် တိုယိုတာ လင်ခရူဇာ အသစ်နှစ်စီးလည်း ရှိသည် ။ ဂျွန်ဆလက်က သူ့ကို အဖွဲ့ဝင်အားလုံးနှင့် လိုက်လံ မိတ်ဆက်ပေးပြီးနောက် မွန်းလွဲပိုင်းတွ

င် မြို့ထဲရှိ ဘော့စနီးယားလူမျိုး မုဆိုးမတစ်ဦး၏ အိမ်တွင် တည်းခိုရန် စီစဉ်ပေးသည် ။ ရစ်ကီက ခြံဝင်းနှင့် သူ့အိမ် ကူးသန်းရန်အတွက် သူ့ခါးပတ် ပိုက်ဆံအိတ်ထဲမှ ငွေဖြင့် စက်ဘီးအဟောင်းတစ်စီးကို ဝယ်ယူသည် ။ ဂျန်က ထိုခါးပတ်ကို သတိထားမိသည် ။

"အဲဒီအိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ။ ငါ့ကို မင်း ပြောပြနိုင်မလား"

ဂျန်က မေးရာ

"ဒေါ်လာ ၁၀၀၀ ယူလာခဲ့တယ်။ အရေးပေါ် သုံးဖို့ လေ"

ရစ်ကီက ဂျန့်ကိုယုံကြည်စွာ ပြန်ပြောသည် ။

"ကောင်းကွာ.. အဲဒါကို မင်း လူရှေ့သူရှေ့ ထုတ်မပြနဲ့ ၊ ဒီက ကောင်တွေက အဲဒီငွေနဲ့ တစ်သက် ထိုင်စားလို့ ရတယ်"

ရစ်ကီက လျှို့ဝှက်ထားဖို့ သတိပေးသည် ။ ဤအရပ်၌ စာတိုက်လုပ်ငန်း မရှိကြောင်း ရစ်ကီ သိရသည် ။ ဘော့စနီးယားနိုင်ငံဆိုတာ မပေါ်သေး၍ ဘော့စနီးစာတိုက်လည်း မရှိသေးပါ။ ယခင် ယူရိုဆလပ် စာပို့လုပ်ငန်းကလည်း ပျက်သွားပြီ။

ခရိုအေးရှား သို့မဟုတ် ဩစတြီးယားနိုင်ငံသို့ ဆက်သွားမည့် ယာဉ်မောင်းများက လူတိုင်းကိုယ်စား ချောစာနှင့် သဝဏ်လွှာများ ပို့ပေးသည်ဟု ဂျန်က ပြောသည် ။ ရစ်ကီက ဗီယင်နာလေဆိပ်၌ သူဝယ်ယူခဲ့သော အထုပ်ထဲမှ ပို့စကတ်တစ်စောင်ပေါ် စာရေးပြီး သူကျောပိုးအိတ်ထဲ ထည့်သည် ။ ထိုစာကို ဆွီဒင်သားကြီးက မြောက်ပိုင်းသို့ ယူသွားသည် ။ တစ်ပတ်အကြာ၌ ထိုစာကို မစ္စက်ကိုလင်ဆို ရရှိသည် ။

ထရာ့ဗနစ်သည် တစ်ချိန်တုန်းက ဆားဘီးယား၊ ခရိုအေးရှားနှင့်

ဘော့စနီးယားမွတ်ဆလင်များ နေထိုင်၍ စည်ကားသော မြို့တစ်မြို့ဖြစ်ခဲ့သည် ။ ၎င်းတို့ နေထိုင်ကြောင်း ၎င်းတို့ ၏ ဝတ်ပြုကျောင်းများက သက်သေပြသည် ။

ထွက်ခွာသွားသော ခရုတ်(ခရိုအေးရှားလူမျိုးများ)၏ ကက်သလစ်ဘုရားကျောင်း တစ်ကျောင်း၊ စွန့်ခွာသွားသော ဆာ့(ဘ်) (ဆာဘီးယားလူမျိုး)များ ၏ အော့သိုဒေါက် ဘုရားကျောင်းတစ်ကျောင်းနှင့် လူများ စုမွတ်ဆလင်များ အတွက် ဗလီဝတ်ပြုကျောင်း တစ်ဒါဇင်ခန့် ရှိသည် ။ ထိုမွတ်ဆလင်များကို ယခုအထိ ဘော့စနီးယားများ ဟု ခေါ်ဆဲဖြစ်သည် ။

ပြည်တွင်းစစ် ဖြစ်သောအခါ နှစ်ပေါင်းများ စွာ သဟဇာတဖြစ်စွာ နေထိုင်ခဲ့သည့် လူနည်းစု သုံးမျိုး၏ အသိုက်အဝန်းမှာ ပြိုကွဲသွားသည် ။

လူမျိုးရေး၊ ဘာသာရေး စနစ်တကျ ဖိနှိပ်သတ်ဖြတ်မှု သတင်းများ ဒေသတစ်လွှား ပျံ့နှံ့လာသောအခါ လူမျိုးစုအချင်းချင်း ယုံကြည်မှုလည်း ပျက်ပြယ်သွားသည် ။

ဆာ့(ဘ်)များက ထရာ့ဗနစ်ကို လွှမ်းမိုးထားသော ဗလာဆစ်တောင်တန်းကြီး၏ မြောက်ဘက်သို့ ဆုတ်ခွာကာ လာ့(စ်)ဗားမြစ်တောင်ကြားဒေသကို ဖြတ်ကျော်၍ တစ်ဖက်ခြမ်းရှိ ဘန်ယာလုကာသို့ သွားကြသည် ။

ခရုတ်များ လည်း အတင်းအဓမ္မ နှင်ထုတ်ခံရပြီး အများ စုက ဗီတက်(ဇ်)မြို့သို့ ၁၀ မိုင် ခရီးနှင်၍ သွားကြသည် ။

သို့ဖြင့် လူမျိုးစုတစ်စုစီက တပ်ဖွဲ့ကြီးသုံးခု ထူထောင်ကြသည် ။ ထိုအမာခံ နယ်မြေများ သို့ သက်ဆိုင်ရာ လူမျိုးစုဝင်ဒုက္ခသည် များ တဖွဲဖွဲ ရောက်လာကြသည် ။

ကမ္ဘာ့မီဒီယာလောကတွင် ဖိနှိပ်သတ်ဖြတ်မှု အားလုံး ကျူးလွန်သူများကို ဆာ့(ဘ်)များ အဖြစ် သရုပ်ဖော်ကြသည် ။ လူဦးရေနည်းပြီး ပတ်ဝန်းကျင်နှင့် အဆက်ပြတ်နေသောအခါ ဆာ့(ဘ်)အသိုက်အဝန်းများလည်း သတ်ဖြတ်ခံရကြောင်း မီဒီယာများ မြင်ဖူးပြီးသား ဖြစ်သည် ။ အကြောင်းရင်းမှာ ယခင် ယူရိုဆလပ်နိုင်ငံ၌ ဆာ့(ဘ်)များ သည် စစ်တပ်ကို ထိန်းချုပ်နိုင်ခဲ့ပြီး တိုင်းပြည်ပျက်သောအခါ ၎င်းတို့ က လက်နက်ကြီးပမာဏ (၉၀)ရာခိုင်နှုန်းကို သိမ်းပိုက်နိုင်သဖြင့် ခရုတ်နှင့် ဘော့စနီးယား မွတ်ဆလင်များ ထက် တစ်ပန်းသာသည် ။

ခရုတ်မဟုတ်သော လူနည်းစု လူမျိုးများကို အစုအပြုံလိုက် သတ်ဖြတ်ရာ၌ လက်မနှေးသော ခရုတ်များအား ဂျာမန်သမ္မတကြီး ဟ့(လ်)မ့ိုခိုး(လ်)က အချိန်စောၗ တာဝန်မဲ့စွာ အသိအမှတ်ပြုခဲ့သည် ။ ထိုအခါ ကမ္ဘာ့လက်နက်ဈေးကွက်ထဲရှိ လက်နက်များကို ၎င်းတို့ ဝယ်လို့ ရသွားသည် ။

ဘော့စနီးယား အများ စုမှာ လက်နက်မဲ့ကြသည် ။ ဥရောပနိုင်ငံရေးသမားများ ၏ အကြံပေးချက်အရ ၎င်းတို့ က ထိုအတိုင်းသာ ဆက်နေကြသည် ။ ယင်း၏ ရလဒ်အဖြစ် ရက်စက်ကြမ်းကြုတ်မှုဒဏ်ကို ၎င်းတို့ အများ ဆုံး ခံရသည် ။

၁၉၉၅ ခုနှစ် ဆောင်းဦးရာသီ အနှောင်းပိုင်းတွင် အမေရိကန်က လက်ပိုက်ကြည့်နေရတာ စိတ်ကုန်လာ၍ ဆာ့(ဘ်)များကို ဒဏ်ပေးပြီး အဖွဲ့အစည်းအားလုံးကို အိုဟိုင်းအိုးပြည်နယ်၊ ဒေတန်မြို့၌ ကျင်းပသော ဆွေးနွေးပွဲသို့ စစ်အင်အားသုံး၍ အကျပ်ကိုင်ကာ တက်ရောက်စေသည် ။ ထိုနှစ် နွေရာသီ၌ 'ဒေတန်သဘောတူညီချက်' ကို အကောင်အထည်ဖော်သည် ။ ယင်းကို ရစ်ကီကိုလင်ဆို မြင်ခွင့်ရမည် မဟုတ်ပေ။

ထရဲဗနစ်သို့ ရစ်ကီရောက်သောအခါ တောင်တန်းများ တစ်ဖက်မှ ဆာ့(ဘ်)တို့ ၏ အမြောက်ဆံ အများ စု ရပ်စဲသွားပြီဖြစ်သည် ။ အဆောက်အအုံအများ စုမှာ နံရံများ ပေါ် မှေးထားသော ပျဉ်ချပ်များ ဖြင့် ဖုံးအုပ်ထားခြင်း ခံရသည် ။ အကယ်၍ အမြောက်ဆံ ထိမှန်ပါက ထိုပျဉ်ချပ်များမှာ မီးခြစ်ဆံဖြစ်သွားသော်လည်း အိမ်တော့ မပျက်စီးပါ။ အိမ်ပြတင်းပေါက် အများ စုမှာ မှန်ချပ်များ မရှိ၍ ပလတ်စတစ်များ ဖြင့် ကာထားသည် ။

ဆေးရောင်တောက်ပစွာ သုတ်ထားသည့် ပင်မဗလီကျောင်းကြီးမှာ တော့ အမြောက်ဆံတည့်တည့် မထိသေး။ ထရဲဗနစ်မြို့၏ အကြီးမား ဆုံး အဆောက်အအုံနှစ်ခု ဖြစ်သော အထက်တန်းကျောင်းမှ အားကစား ရုံနှင့် ယခင်က နာမည်ကျော် ဂီတသင်တန်းကျောင်းတို့ မှာ စစ်ရှောင်ဒုက္ခသည် များ ဖြင့် ပြည့်လျှံနေသည် ။

မူလ လူဦးရေ၏ သုံးဆရှိသော ဒုက္ခသည် များ သည် အနီး ပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသသို့ သွားဖို့ လုံးဝမဖြစ်နိုင်သလို ကောက်ပဲသီးနှံများ လည်း မရယူနိုင်သောကြောင့် ကူညီရေး အေဂျင်စီ များ ၏ ထောက်ပံ့မှုကိုသာ မှီခိုကြရသည် ။ ထို့ကြောင့် ပေါင်မုန့်နှင့် ငါး များ ပရဟိတအဖွဲ့နှင့် အခြားအသေးစားအင်ဂျီအို တစ်ဒါဇင်ခန့်က လာ ရောက်ကူညီကြခြင်း ဖြစ်သည် ။

သို့သော် ကူညီရေးပစ္စည်း အလေးချိန်မှာ ပေါင် ၅၀၀ စာကို တင် ဆောင်ထားသော လင်ခရူဇာနှစ်စီးသည် ထရဲဗနစ်ဗဟိုဌာနထက် အဆ ပေါင်းများ စွာ အကူအညီ လိုအပ်နေသည့် အစွန်အဖျားရွာငယ် ဇနပုဒ် ပေါင်းစုံဆီသို့ သွားကြရသည် ။

ရစ်ကီက စားနပ်ရိက္ခာထုပ်များကို ကားပေါ်တင်ပေးပြီး တောင်

အရပ်သို့ ဦးတည်၍ တောင်တန်းများ ဆီ လင်ခရူဇာ ကားမောင်းနှင်ပေးခွင့်ကို ဝမ်းသာအားရ လက်ခံသည် ။

ဤအလုပ်သို့ သူ့ကိုရောက်ရှိစေသော စိတ်ဆင်းရဲစရာ ပုံရိပ်များကို ဣေ့တောင်းမြို့၌ ရုပ်သံမှ သာ ကြည့်ခဲ့ပြီး နောက်လေးလအကြာတွင် သူပျော်နေသည် ။ သူလုပ်ချင်သည့် ကိစ္စကို တကယ်လုပ်နေရပြီ။ ကျုံ့ပြောင်း၊ နို့မှုန့်၊ ဟင်းချိုမှုန့်ထုပ်များ ပါဝင်သည့် အထုပ်များကို တစ်ပတ်လုံး ငတ်နေသော ရွာလေးတစ်ရွာ၏ အလယ်ကောင်သို့ သူသယ်သွားသောအခါ မျက်တွင်းဟောက်ပက်နှင့် ကလေးများ နှင့် ပိန်ချုံးနေသော တောင်သူလယ်သမားများ ၏ ကျေးဇူးတင်စကားများကြောင့် သူကြည်နူးမိသည် ။

အမေရိကန်နိုင်ငံသား တစ်ဦးအဖြစ် မွေးဖွားခဲ့ကတည်းက ဖန်ဆင်းရှင်က မိမိအား ပေးသနားတော်မူခဲ့သော အကျိုးခံစားခွင့်များ နှင့် သက်သောင့်သက်သာ ဖြစ်မှုများ အတွက် မိမိက တစ်နည်းနည်းဖြင့် ပြန်လည် ပေးဆပ်ခွင့် ရရှိထားသည် ဟု သူယုံကြည်သည် ။ ယူရိဆလပ်နိုင်ငံ၏ အများ သုံး ဘာသာစကားဖြစ်သော ဆာဘို-ခရုတ် သို့မဟုတ် ဘော့စနီးယား ဘာသာစကားတစ်လုံးမျှ သူမပြောတတ်ပါ။ တောင်ပေါ်လမ်းတွေက ဘယ်ရောက်မလဲ၊ ဘယ်နေရာက လုံခြုံပြီး ဘယ်နေရာက အန္တရာယ်ရှိသလဲ စသဖြင့် သူရောက်ရှိရာ ပထဝီအနေအထားကိုလည်း သူဘာမှ မသိ။

အင်္ဂလိပ်စကားကို ကျောင်းမှာ ဆည်းပူးပြီး တွေးဆ ဆင်ခြင်တတ်သော ဒေသခံ ဘော့စနီးယားအမှုထမ်း လူရွယ်တစ်ဦးဖြစ်သူ ဖာဒီးစူလ မန်ဆိုသည့် လူငယ်လေးကို ရစ်ကီ၏ ဧည့်လမ်းညွှန်၊ စကားပြန်နှင့် လမ်းကြောင်းပြသူအဖြစ် ငှါးဆလက်က ထည့်ပေးလိုက်သည် ။

ရစ်ကီသည် ဇပြီလ၌ အပတ်စဉ်နှင့် မေလ၌ နှစ်ပတ်တစ်ခါ သူ့မိဘများ ဆီ ပေးစာတစ်စောင် သို့မဟုတ် ပို့စကတ်တစ်စောင် ပို့ခိုင်းသည် ။

ရိက္ခာဖြည့်တင်းဖို့ မြောက်ပိုင်းသို့သွားသည့် လူအပေါ်မူတည်၍ ပိုကြန့်ကြာသည် ဖြစ်စေ သို့မဟုတ် ပိုမြန်ဆန်သည် ဖြစ်စေ ခရိုအေးရှားတံဆိပ်ခေါင်း သို့မဟုတ် ဩစတြီးယား တံဆိပ်ခေါင်းကပ်ထားသော သူ့စာများ ဂျော့တောင်းသို့ ရောက်လာသည် ။

မေလ ဒုတိယပတ်တွင် ခြံဝင်းထဲ၌ ရစ်ကီတစ်ယောက်တည်းရှိရာ ကုန်လှောင်ရုံကြီး တစ်ခုလုံးကို သူကြီးကြပ်ရသည် ။

ဆွီဒင်သားကြီး လား(စ်)မှာ ဇာဂရက်မြို့ ရောက်ခါနီး၊ နယ်စပ်မြောက်ဘက် ခရိုအေးရှားနိုင်ငံမှ တောင်ပေါ်လမ်းပေါ်၌ မော်တော်ကားစက်ပျက်သွားသည် ။

သူ့ကား စက်ပြန်ကောင်းအောင် ကူညီဖို့ ဂျွန်ဆလက်က လင်ခရူဇာတစ်စီးဖြင့် လိုက်သွားသည် ။

ဖာဒီးစူလမန်က ရစ်ကို့ကို အကူအညီတောင်းသည် ။

ထရဲဗနစ်မြို့မှ ပြည်သူ ထောင်ပေါင်းများ စွာနည်းတူ စစ်မီးကြီး ကူးစက်လောင်ကျွမ်းသောအခါ အိမ်မှ သူထွက်ပြေးခဲ့ရသည် ။ သူ့မိဘအိမ်မှာ ဗလားဆစ်တောင်တန်း၏ ကုန်းလျှောများ ပေါ်ရှိ တောင်ကြားဒေသမှ စိုက်ပျိုးမွေးမြူရေးခြံ တစ်ခြံဖြစ်ကြောင်း သူက ရှင်းပြသည် ။

ထိုခြံလေး မီးလောင်ပြာကျသွားပြီလား။ ဘေးမဲ့ပေးခံရသလား။ ဘာကျန်သေးလဲ။ သူသိပ်သိချင်သည် ဟု ဆို၏။ စစ်ဖြစ်ခါစတွင် သူ့ဖခင်က မိသားစုရတနာများကို ကျီတစ်ခုအောက်၌ မြှုပ်နှံခဲ့သည် ။ ထိုရတနာထုပ် ယခုထိ ရှိသေးသလား။ တစ်နည်းအားဖြင့် သုံးနှစ်တာအတွင်း သူ့မိဘ

အိမ်ကို ပထမဆုံးအကြိမ် သွားကြည့်လို့ ရမလားဟု သူက မေးသည် ။ ရစ်ကီက သူ့ကို ရှောရှောရှူရှူ အလုပ်နားခွင့် ပြုသော်လည်း ယင်းမှာ အမိ ကအချက် မဟုတ်ပေ။

နွေဦးရာသီ၏ မိုးရေများကြောင့် တောင်တက်လမ်းမှာ ချောနေရာ အက်(စ်)ယူဗွီ ကားတစ်စီးသာလျှင် မောင်းလို့ ရမည်။ ထို့ကြောင့် လင်ခ ရူဇာတစ်စီးကို ငှားဖို့ လိုမည်။

ရက်ကီ ချီတုံချတုံ ဖြစ်ရသည် ။ ဖာဒီးကို သူကူညီချင်သည် ။ ဆီဖိုး လည်း သူအိတ်စိုက်မည်။ သို့သော် တောင်ပေါ်မှာ လုံခြုံပျဉ်မလား။ အော က်ဘက်ရှိ ထရဲဗနစ်ကို ပစ်ခတ်ဖို့ ယခင်က ဆာဘီးယားလှည့်ကင်းအဖွဲ့ များ ယင်းတောင်ပေါ်မှာ လက်နက်ကြီးများ ဖြင့် အပိုင်စီး နေရာယူခဲ့ကြ ဖူးသည် ။

ထိုကိစ္စမှာ လွန်ခဲ့သော တစ်နှစ်ကပါဟု ဖာဒီးက ဆင်ခြေပေးသည် ။ သူ့မိဘများ ၏ ကျေးလက်အိမ်တည်ရှိရာ တောင်ပိုင်းကုန်းလျှောများမှာ ယခုအခါ အတော်ဘေးကင်းနေပြီ။

ရစ်ကီက တုံ့ဆိုင်းနေသည် ။ ဖာဒီးတောင်ပန်ခယမ္ဘကြောင့် သူ့စိတ် ထိခိုက်ရသည် ။ ကိုယ့်အိမ် ဆုံးရှုံးရတာ ဘယ်လိုခံစားရမလဲဟု သူတွေး ပြီး ခေါင်းညိတ်သည် ။

သို့သော် ခြွင်းချက်ရှိ၏။ ဖာဒီးနှင့်အတူ သူလည်း လိုက်ပါဖို့ ဖြစ်သည် ။

တကယ်တော့ နွေဦးရာသီ၏ နေရောင်ခြည်အောက်တွင် ကား မောင်းရတာ စိတ်ကြည်နူးစရာ ကောင်းသည် ။ သူတို့ က ထရဲဗနစ်မြို့ ကို ကျော်ခိုင်း၍ ဒွန်ဂျီဗာကု(ဖ်) မြို့ရှိရာ ၁၀မိုင်ခရီးကို ပင်မလမ်းမကြီး အတိုင်း ဦးတည်သွားပြီး ညာဘက်သို့ ချိုးသည် ။

လမ်းက မတ်စောက် လာပြီး လမ်းကြောင်းလေးအသွင် ပြောင်းသွားသည် ။ ရစ်ကီတို့ ကားက အပေါ်ဆက်တက်သည် ။ ဝက်သစ်ချပင်များ၏ နွေဦးအရွက်များက သူတို့ ကို ထီးလို မိုးပေးထားသည် ။

တစ်ခါက ကျောင်းသူကျောင်းသား အုပ်စုနှင့်အတူ တောစခန်းခရီး ထွက်ခဲ့သည့် ရှင်နန်ဒိုမြို့ တောင်ကြားနှင့် အတော်တူသည် ဟု အောက်မေ့သည် ။ လမ်းထောင့်စွန်းများ တွင် သူတို့ ကားဘီး ချော်သွားသည် ။ လေးဘီးယက်အားဖြင့် မောင်းသော အက်(စ်)ယူဗွီကားသာ မဟုတ်လျှင် မိမိတို့ အဆင်ပြေမှာ မဟုတ်ဟု သူက ပြောသည် ။

ဝက်သစ်ချပင်များ ပျောက်ပြီး ထင်းရှူးပင်များကို ဆက်လက် တွေ့ရကာ ပေ ၅၀၀၀ အမြင့်တွင် လျှို့ဝှက်စခန်းဆန်ဆန် အောက်ဘက်ကား လမ်းမှ လုံးဝမမြင်နိုင်သော ကုန်းမြင့်တောင် ကြားတစ်ခုသို့ ရောက်လာသည် ။

ထိုတောင်ကြား၏ အလယ်ကောင်တွင် ဖာဒီး၏ မိဘအိမ်ကို တွေ့ရသည် ။ မီးခိုးခေါင်တိုင်မှ အပ အားလုံး မီးလောင် ပျက်စီးနေသည် ။

မီးမသင့်သော်လည်း ပြိုကျလုလု ဂိုဒေါင်အတော်များများမှာ နွားခြံများ ၏ နောက်ဘက်၌ ရှိသေးသည် ။ ရစ်ကီက ဖာဒီးမျက်နှာကို ဖျတ်ခနဲကြည့်ပြီး

"ငါ စိတ်မကောင်းပါဘူးကွာ"ဟု ပြောသည် ။ သူတို့ နှစ်ဦး မည်းတူးနေသော မီးခိုးခေါင်တိုင်ဘေးတွင် ကားပေါ်မှ ဆင်းပြီး ဖာဒီးက သူကြီးပြင်းခဲ့ရာ အိမ်၏ အကြွင်းအကျန် ပြာများကြား လျှောက်သွားကာ ဟိုနားသည် နား လျှောက်ကန်နေစဉ် စောင့်ဆိုင်းနေသည် ။

နွားခြံနှင့် မိလ္လာတွင်းဘေးမှ သူဖြတ်လျှောက်သွားစဉ် ရစ်ကီက နော

ဂ်မှ လိုက်သွားသည် ။ မိလ္လာတွင်းမှာ မိုးရေကြောင့် လျှံထွက်ကာ အနံ့ဆိုးများ ထွက်နေသည် ။

ဖာဒီးက ဓားပြများ လုယက်၍ မရအောင် မြေမြှုပ်ခဲ့သော သူ့ဖခင်၏ ရတနာများ ရှိမည့် ဂိုဒေါင်များ ဆီ သွားသည် ။

ထိုအခိုက် ချွတ်ကန်မြည်သံနှင့် ခပ်တိုးတိုးညည်းတွားသံကို သူတို့ ကြားလိုက်ရသည် ။

စိုရွှဲပြီး နံစော်နေသော ဖယောင်းပုဆိုးတစ်ချပ်အောက်၌ သူတို့ ကို ဖာဒီးနှင့် ရစ်ကီ ရှာတွေ့သွားသည် ။ အားလုံးပေါင်း ခြောက်ယောက်ရှိပြီး အသက် ၄ နှစ်မှ ၁၁ နှစ်အရွယ်ခန့်အထိ ရှိကာ သေးညှက်ပြီးငယ်၍ ကြောက်လန့်နေကြသည် ။ ကောင်လေး လေးယောက်နှင့် ကောင်မလေးနှစ်ယောက်။ အသက်အကြီးဆုံးကလေးက ဤအုပ်စုလေးအတွက် အစားထိုးမိခင် ဖြစ်ပုံရသည် ။ မိမိတို့ ကို စိုက်ကြည့်နေသော လူနှစ်ယောက်ကိုတွေ့သောအခါ သူတို့ တုပ်တုပ်မလှုပ်ဝံ့အောင် ကြောက်ကုန်သည် ။ ဖာဒီးက သူတို့ ကို စကားတိုးတိုးပြောရာ အတန်ကြာမှ ကောင်လေးက ပြန်ဖြေသည် ။

"သူတို့ က ဂေါ်ရီကား ကလားတဲ့ ။ ဟောဒီတောင်တန်းကနေ လေးမိုင်လောက်ဝေးတဲ့ ရွာငယ်လေးပေါ့။ ဂေါ်ရီးကားဆိုတာ တောင်ကုန်းလေးတဲ့ ဗျ။ အဲဒီရွာနာမည် ကျွန်တော် ကြားဖူးပါတယ်"

"သူတို့ ဘာဖြစ်ကြတာလဲ"

ဖာဒီက ဒေသဘာသာစကားဖြင့် စကားအနည်းငယ် ဆက်ပြောသည် ။

ကောင်မလေးက ဖြေကြားပြီး ငိုနေတော့သည် ။

"ဆာ့(ဘ်)ပြည်သူ့စစ် အဖွဲ့ဝင်တွေ လာသွားတယ်"

"ဘယ်တုန်းကလဲ"

"မနေ့ညက"

"ဘာဖြစ်သွားသလဲ"

ဖာဒီးက သက်ပြင်းချပြီး

"သူတို့ ရွာက သိပ်သေးပါတယ်။ အိမ်ထောင်စုလေးစု။ လူကြီးအယောက် ၂၀ ကလေးက ၁၂ယောက်လောက် ရှိမယ်။ အားလုံးသေပြီ။ သေနတ်တွေနဲ့ စပြီးပစ်တော့ သူတို့ ကိုထွက်ပြေးဖို့ မိဘတွေက အော်တယ်။ သူတို့ အမှောင်ထဲမှာ သူတို့ ထွက်ပြေး လွတ်မြောက်လာတယ်"

"သူတို့ အားလုံး မိဘမဲ့တွေချည်းပဲလား"

"ဟုတ်တယ်"

"ဘုရား.. ဘုရား။ ဘယ်လိုတိုင်းပြည်ပါလိမ့်။ သူတို့ ကို ငါတို့ ကားပေါ်တင်ပြီး တောင်ကြားကို ပြန်ခေါ်သွားရမယ်"

ရစ်ကီနှင့် ဖာဒီတို့ က ကြီးသူကိုငယ်သူက လက်ဆွဲထားသော ထိုကလေးများကို ဂိုဒေါင်ကြီးမှ နေ၍ အပြင်ဘက် တောက်ပလင်းထိန်သောနွေဦးရာသီ နေရောင်အောက်သို့ ခေါ်ထုတ်လာသည် ။

ဌက်ကလေးများ တေးဆိုနေသည် ။ ဤနေရာက သာယာလှပသော တောင်ကြားဖြစ်သည် ။ သစ်တောအစပ်တွင် လူတစ်စုကို သူတို့ တွေ့သွားသည် ။ ယောက်ျား ၁၀ ယောက်နှင့် ရှရှားလုပ်ဂျီ အေဇက်ဂျစ်ကားနှစ်စီးကို တောအစပ်၌ သူတို့ တွေ့ရသည် ။ ဂျစ်ကားများ ကိုယ်ထည်မှာ ပြောက်ကျားစစ်ဝတ်စုံ ဒီဇိုင်းဖြစ်သည် ။ ယောက်ျားများအားလုံးလည်း

ထိုဝတ်စုံ ဝတ်ထားပြီး လက်နက်အပြည့်ကိုင်ဆောင် တပ်ဆင်ထားသည် ။

***

နောက်ရက်သတ္တသုံးပတ်အကြာတွင် မစ္စက်အင်နီကိုလင်ဆိုသည့် စာပုံးလေးကို မ္မေနောက်သော်လည်း ပို့စကတ်တစ်စောင်မှ မတွေ့ပြန်၍ အွန်တဲရီယိုပြည်နယ်၊ ဝင်ဆာမြို့ရှိ ဖုန်းနံပါတ်တစ်ခုကို ဆက်သည် ။ ထိုဖုန်းသံ နှစ်ခါမြည်စဉ် တစ်ဖက်က ပြန်ထူးသည် ။

သူမဖခင်ကြီး၏ စာရေးမလေးအသံကို သူမ မှတ်မိသည် ။

"ဟိုင်း.. ဂျင်း။ အန်တီက အင်နီပါ။ အန်တီ့ အဖေ အဲဒီမှာ ရှိသလား"

"ရှိပါတယ် မစ္စက်ကိုလင်ဆို။ သမီး အခုချက်ချင်း ချိတ်ပေးပါ့မယ်"

******

အခန်း - ၃
စီးပွားရေး လုပ်ငန်းရှင်ကြီး

'အေ'လေယာဉ်မှူးအုပ်စု၏ အဆောင်တွင် လူငယ်လေသူရဲ ၁၀ ဦးရှိပြီး ၎င်းဘေးချင်းကပ် 'ဘီ' လေယာဉ်မှူးအုပ်စု အဆောင်၌ ရှစ်ဦးရှိသည် ။ လေယာဉ်ကွင်း၏ စိမ်းစိုသော မြက်ခင်းပြင်ပေါ်၌ ဟာရီကိန်းလေယာဉ်ကြီးနှစ်စီး၊ သုံးစီးခန့် ရပ်ထားသည် ။ လေယာဉ်ခေါင်းခန်းနောက်ကျောမှ ဘုကြီးကြောင့် ထိုလေယာဉ်မှူးမှာ ခါးကုန်းကြီးနှင့် တူသည် ။ ၎င်းတို့ မှာ အသစ်များ မဟုတ်ဘဲ ပိတ်စများ ဖြင့် ဖာထေးထားပုံအရ လွန်ခဲ့သော ရက်သတ္တာနှစ်ပတ်က ပြင်သစ်နိုင်ငံ၏ အထက်ဝေဟင်တိုက်ပွဲတွင် ထိခိုက်ပျက်စီးမှု ဖြစ်ခဲ့ကြောင်း သိသာသည် ။

အင်္ဂလန်၊ နော်ဖော့(ခ်)မြို့၊ ကိုး(လ်)တစ္စဟော(လ်)မြို့တွင် ၂၅-၆-၁၉၄၀ နေ့က နွေးထွေးသော နွေရာသီနေရောင်နှင့် ဆန့်ကျင်သည့် စိတ်အခြေအနေများ ထိုအဆောင်များ ထဲ၌ ရှိနေသည် ။ ကနေဒါလေယာဉ်အုပ်ဟူ၍ သိကြသော တော်ဝင်လေတပ်မတော် အမှတ် ၂၄၂ လေယာဉ်အုပ်မှ ယောက်ျားများ စိတ်ဓာတ်အကြီးအကျယ် ကျနေကြသည် ။ ယင်းသို့ ဖြစ်ရခြင်း အကြောင်းရင်းကလည်း ခိုင်လုံသည် ။

အမှတ် ၂၄၂ လေယာဉ်အုပ်စုမှာ နယ်စပ်အရှေ့ပိုင်းမှ နေ၍ အင်္ဂလိပ်တူးမြောင်းအထိ ပြင်သစ်ပြည်အတွက် တိုက်ခိုက်ရင်း အရေးနိမ့်ခဲ့ရ

သည် ။ ဟစ်တလာ၏ ကြီးကျယ်သော မိုးကြိုးစစ်ဆင်ရေး ရှေ့တိုးလာစဉ် ပြင်သစ်တပ်မတော်ကို ဘေးသို့ ကန်ထုတ်ရာ ဂျာမန်တပ်ကို ဟန့်တားဖို့ ကြိုးစားသော လေယာဉ်မှူးများ ၏ အခြေစိုက်စခန်းများမှာ ၎င်းတို့ ဝေဟင်ထဲ ပျံသန်းနေစဉ် နောက်ဆုတ်ခွာ ရွှေ့ပြောင်းသွားကြောင်း တွေ့ကြရသည် ။

သူတို့ သည် နေစရာ၊ အစားအစာ၊ ယာဉ်အပိုပစ္စည်းနှင့် လောင်စာဆီတို့ ကို လိုက်ရှာရသည် ။ ဆုတ်ခွာသွားသော စစ်တပ်တွင် ပါဝင်သူတိုင်း 'ကသောင်းကနင်း'ဟူသော ကြိယာဝိသေသနကို သိကြသည် ။

အင်္ဂလန်နိုင်ငံမှ အင်္ဂလိပ်တူးမြောင်းကြီးမှာ တုန်းက ဒန့်ကတ်သဲသောင်ပြင်ကြီးများ ၏ အထက်ဝေဟင်ယံ၌ ဒုတိယတိုက်ပွဲကို သူတို့ ဆင်နွှဲနေစဉ် ဗြိတိသျှစစ်သည် များမှာ ငြိမ်သက်သော ပင်လယ်ပြင်၏ တစ်ဖက်ခြမ်းမှ ညှို့ငင်သော အဖြူရောင်တောင်ကမ်းပါးကြီးများ ရှိရာ အင်္ဂလန်နိုင်ငံသို့ လှော်ခတ်သွားဖို့ ရရာပစ္စည်းကို အသည်းအသန် လိုက်ကောက်နေကြသည် ။

နောက်ဆုံးလက်ကျန် ဗြိတိသျှစစ်သည် အား စိတ်ပျက်စရာ ထိုကမ်းခြေမှ ရွှေ့ပြောင်းပေးပြီး နောက်ဆုံး အရန်အတားများကို နောက်ငါးနှစ်အထိ ထိန်းသိမ်းထားမည့် ဂျာမန်များ လက်ထဲ လွှဲပြောင်းပေးချိန်တွင် ကနေဒါလေတပ်သားတို့ မှာ ခြေကုန်လက်ပန်း ကျနေကြလေပြီ။

သူတို့ ဆိုးဆိုးရွားရွား အထိနာခဲ့သည် ။ လေသူရဲ ကိုးဦးကျဆုံး၌ သုံးဦးဒဏ်ရာရပြီး သုံးဦးပစ်ချခံရကာ စစ်သုံ့ပန်း ဖြစ်သွားသည် ။

နောက်ရက်သတ္တသုံးပတ်အကြာတွင် သူတို့ ၏ လေယာဉ်အပိုပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများ အားလုံးကို ပြင်သစ်တွင် ထားရစ်ခဲ့ရပြီး ကို(လ်)တစ္စဟော(လ်)၌ သောင်တင်နေကြဆဲ

ဖြစ်သည် ။ သူတို့ တပ်ရင်းမှူးဖြစ်သူ လေယာဉ်အုပ်ခေါင်းဆောင် 'ပါပါး ဂိုဘီး (လ)'မှာ ရက်သတ္တပတ် အတန်ကြာကြာကတည်းက နာမကျန်း ဖြစ်နေ၍ သူတို့ ကို အုပ်ချုပ်ကွပ်ကဲဖို့ ပြန်မလာတော့ပါ။ သို့တစေ ဗြိတိသျှတို့ က အချိန်မရွေး ရောက်လာဖွယ်ရှိသော တပ်ရင်းမှူး အသစ် တစ်ဦး လွှတ်ပေးမည်ဟု ကတိပေးသည် ။

လေယာဉ်ရုံကြီး နှစ်ခုကြားမှ အမိုးမပါသော ပြိုင်ကားလေးတစ်စီး ထွက် လာပြီး လေသူရဲများ ၏ အဆောင်နှစ်ဆောင်အနီးတွင် ရပ်လိုက် သည် ။ ထိုကားလေးပေါ်မှ လူတစ်ယောက် ခဲရာခဲဆစ် ဆင်းလာသည် ။ သူ့ကို ဘယ်သူကမှ ထွက်မကြိုပါ။ သူက လေယာဉ်မှူးအုပ်စု 'အေ' အ ဆောင်သို့ ခြေထောက်နင်း၊ ထောက်နင်းဖြင့် ချဉ်းကပ်သွားသည် ။ မိနစ် အနည်းငယ် ကြာသောအခါ 'အေ'အဆောင်မှ သူပြန်ထွက် လာပြီး 'ဘီ' အဆောင်သို့ ကူးသွားသည် ။ ကနေဒါ လေသူရဲများက သူလမ်းလျှောက် ပုံကို စိတ်ဝင်တစား ပြတင်းပေါက်မှ ချောင်းကြည့်နေသည် ။

အဆောင်တံခါးဖွင့်ပြီး တံခါးဝသို့ သူရောက်လာသည် ။ သူ့ပခုံးပေါ် ရာထူးအဆင့် အမှတ်အသားများ အရ သူသည် လေယာဉ်အုပ်ခေါင်း ဆောင်မှန်း သိသာသည် ။ မည်သူမျှ မတ်တတ်မရပ်ကြ။

"ဒီမှာ ဘယ်သူကြီးကြပ်သလဲ"

သူက စိတ်ဆိုးမာန်ဆိုးဖြင့် မေးသည် ။

မိမိဇည့်သည် ကို ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်လျက် ကြည့် နေသူ စတိ(ဗ်)အက်(ဒ်)မန်နှင့် ပေအနည်းငယ်အကွာမှ ဂင်တိုတိုကနေ ဒါ လေသူရဲတစ်ဦးက ကုန်းရုန်းထသည် ။

"ကျွန်တော်ပဲ ဆိုပါစို့ဗျ"

စတင်တန်းနားက ဖြေသည် ။ ထိုအချိန်က တန်းနားမှာ ရန်သူလေယာဉ် နှစ်စင်းကို ပစ်ချခဲ့ပြီးဖြစ်ကာ နောက်ထပ် ၁၄ စင်းပစ်ချကာ ဆုတံဆိပ်များ စွာ ရလာဦးမည့်သူ ဖြစ်သည် ။

စိတ်ဆိုးနေသော မျက်လုံးပြာပိုင်ရှင် ဗြိတိသျှစစ်ဗိုလ်က ကျောလှည့်ပြီး ရပ်ထားသော ဟာရီကိန်းလေယာဉ်ပျံ့ တစ်စင်းဆီ လျှောက်သွားသည် ။

ကနေဒါ လေသူရဲများ လည်း အကဲခတ်ဖို့ အတွက် အဆောင်များ ထဲမှ ထွက်လာကြသည် ။

"ငါတော့ ကိုယ့်မျက်စိတောင် ကိုယ်မယုံဘူး။ ခွေးသားတွေက ငါတို့ဆီ ခြေပြတ်နေတဲ့ တပ်ရင်းမှူးကိုမှ လွှတ်ပေးလိုက်တယ်"

ဂျော်နီလတ္တားက စတီ(ဗ်)အက်(ဒ်)မန်ကို မပွင့်တပွင့် လှမ်းပြောသည် ။

သူပြောတာ မှန်သည် ။ တပ်မှူးအသစ်မှာ ခြေတုနှစ်ဖက်ဖြင့် လျှောက်နေခြင်း ဖြစ်သည် ။ ၎င်းက ဟာရီကိန်းလေယာဉ်၏ ခေါင်းခန်းထဲဝင်ကာ ရိုး(လ်)ရှိုက်(စ်)မာတင် လေယာဉ်အင်ဂျင်ကို ခလုတ်ဖွင့်ပြီး ဝေဟင်ယံသို့ မောင်းတတ်သွားသည် ။

သူက နောက်နာရီဝက်လုံးလုံး ဝေဟင်ထဲ၌ လေယာဉ်ကျွမ်းဘား ကစားပြသည် ။ သူ့ကျွမ်းဘားအကွက်များမှာ ဖတ်စာအုပ်ထဲမှာ ရှိတာရော မရှိသေးတာပါ ပါသည် ။ ဤသို့ လေယာဉ်ဖြင့် ဝေဟင်ကျွမ်းဘား ကစားပြရာ၌ သူ့ခြေနှစ်ဖက်စလုံး မပြတ်မီကပင် လေယာဉ် ကျွမ်းဘားကျွမ်းကျင်သူတစ်ဦး ဖြစ်ခဲ့ခြင်းရော၊ ယခု သူ့မှာ ခြေထောက်များ မရှိခြင်းကြောင့် သူ ဤမျှတော်၊ ဤမျှတက်ခြင်းဖြစ်သည် ။

တိုက်လေယာဉ်မှူးတစ်ဦး အရှိန်ပြင်းပြင်းနှင့် လေယာဉ်ညာဘက် တိမ်းစောင်းမည် သို့မဟုတ် ကျွမ်းထိုးချရာမှ ပြန်ဦးမော့မည်ဆိုလျှင် သူ့ခန္ဓာကိုယ်ကို ကမ္ဘာမြေကြီး ဆွဲအားက ဆွဲငင်လိမ့်မည်။

ခါးအထက်ပိုင်းမှ သွေးကို အောက်ပိုင်းသို့ တွန်းချသလို သက်ရောက်မှုဖြစ်၍ သတိလစ်သွားနိုင်သည် ။

ယခုလေယာဉ်မှူးမှာ ခြေပြတ်နေသောကြောင့် သွေးက သူ့ဦးနှောက်နှင့်နီးပြီး ခါးအထက်ပိုင်းမှာ သာ ဆက်ရှိနေရသည် ။ သူ့လေယာဉ်အုပ်မှ လေသူရဲများ သည် ၎င်းတို့ ထက် သူကပို၍ ကတ်သီးကတ်သတ် တိမ်းစောင်းနိုင်၊ ချိုးကွေ့နိုင်ကြောင်း တွေ့ကြရသည် ။ နောက်ဆုံး၌ ဟာရီကိန်း လေယာဉ်ပျံကြီးကို မြေပြင်ပေါ်သို့ ဆင်းသက်ကာ ခေါင်းခန်းမှ သူ ထွက် လာပြီး အသံတိတ်နေသော ကနေဒါလေသူရဲများ ဆီ ခြေထော့နင်းလျက် လျှောက်လာသည် ။

"ငါ့နာမည် ဒေါက်ကလပ်ဘေဒါလို့ ခေါ်တယ်။ ဟောဒီသောက် လေတပ်ကြီးတစ်တပ်လုံးမှာ ငါတို့ ဟာ အတော်ဆုံး လေယာဉ်အုပ် ဖြစ်လာရမယ်"

တပ်မှူးအသစ်က ၎င်းတို့ ကို ပြောလိုက်သည် ။

ဘေဒါက အမှန်ပြောခြင်းဖြစ်သည် ။ ပြင်သစ်တိုက်ပွဲကြီး အရေးနိမ့်ပြီး ဒန်းကတ် ကမ်းခြေ တိုက်ပွဲမှာ လည်း အခြေအနေ မကောင်းတော့ချိန်တွင် ကြီးမားတာတစ်ခု လာနေသည် ။ လေကြောင်းပညာ ကျွမ်းကျင်သော ကာကွယ်ရေးဦးစီးချုပ် (လေ)ဖြစ်သူ 'ဂိုရင်း'က ဗြိတိန်ကို ကျူးကျော်တိုက်ခိုက်မှု အောင်မြင်စေရမည်ဟု ဟစ်တလာ့အား ကတိပေးထားသည် ။ ဗြိတိန်တိုက်ပွဲကြီးမှာ ထိုကောင်းကင်ပြင်ကို အပိုင်စီးဖို့ လုကြခြင်းဖြစ်သည် ။ တိုက်ပွဲပြီးဆုံးသောအခါ ခြေပြတ်နေသော ဘေဒါ

၈၅ ဦးဆောင်မှုကြောင့် အမှတ် ၂၄၂ ကနေဒါလေယာဉ်အုပ်မှာ အကျအဆုံး ရာခိုင်နှုန်း အနည်းဆုံးဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ရသည် ။

ဆောင်းဦးရာသီ အနှောင်းပိုင်းတွင် ဂျာမန်လေတပ်မှာ တောင့်မခံနိုင်တော့၍ ပြင်သစ်သို့ ပြန်ဆုတ်ခွာရသည် ။ ဟစ်တလာက ဂိုရင်းကို ကြိမ်းမောင်းပြီး ရုရှားဘက် အာရုံပြောင်းသည် ။

၁၉၄၀ ပြည့်နှစ် နွေရာသီ ခြောက်လတာအတွင်း ဖြစ်ပွားသော ပြင်သစ် ဒန့်ကတ်နှင့် ဗြိတိန်တိုက်ပွဲများ တွင် 'ဗြိတိန်တိုက်ပွဲကြီး' တစ်ခုတည်းမှာ ပင် လေယာဉ် ၆၇စင်း အပါအဝင် ကနေဒါ လေသူရဲများက ဂျာမန်လေယာဉ် ၈၈ စင်းကို ပစ်ချနိုင်ခဲ့သည် ။

သို့သော် လေကြောင်းတိုက်ပွဲ၌ ကျဆုံးသော လေသူရဲ ၁၇ဦးခန့် သုံးဦးအနက် အားလုံးမှာ ကနေဒါလေသူရဲများ ဖြစ်ကြသည် ။

နောက် ၅၅ နှစ်ကြာသောအခါ စတိ(ဗ်)အက်(ဒ်)မန်သည် သူ့အလုပ်စားပွဲမှ ထကာ နှစ်ပေါင်းများ စွာတစ်လျှောက် သူအကြိမ်ပေါင်းများ စွာ လုပ်ခဲ့သည့်အတိုင်း နံရံပေါ်ရှိ ဓာတ်ပုံတစ်ပုံဆီသို့ ချဉ်းကပ်သွားသည် ။

ထိုဓာတ်ပုံထဲ၌ သူနှင့်အတူ ပျံသန်းခဲ့သူအားလုံး မပါဝင်ပါ။ အခြားသူများ မရောက်လာမီ အချို့က သေဆုံးသွားနှင့်ပြီ။

သို့သော် တိုက်ပွဲအရှိန် တက်နေချိန် ပူအိုက်ပြီး တိမ်ကင်းမဲ့သော ညဂုတ်လကုန်ပိုင်း တစ်ရက်တွင် ဒပ(ဇ)ဖို့ (ဒ်)၌ စုဝေးကြသော ကနေဒါနိုင်ငံသား ၁၇ဦးကို တွေ့နိုင်သည် ။

သူတို့ အားလုံးနီးပါး ယခုမရှိကြတော့ပါ။ အများ စုမှာ တိုက်ပွဲ၌ ကျဆုံးခဲ့သည် ။ ပြုံးရွှင်ပြီး မျှော်လင့်ချက်ရှိကာ ရွှင်မြူးနေသော အသက် ၁ ၉ နှစ်မှ ၂၂ နှစ်အရွယ်ကြားရှိ ထိုလူငယ်လေးများက ကင်မရာကို စိုက်

ကြည့်နေကြသည် ။ သူတို့ အများ စုက လူ့သက်တမ်းစေ့အောင် မနေလိုက်ရ။

အက်(ဒ်)မန်က ဓာတ်ပုံနား ထပ်တိုးကပ်၍ ကြည့်သည် ။ ဤဓာတ်ပုံရိုက်ပြီး ရက်သတ္တ နှစ်ပတ်အကြာတွင် သိမ်း(စ်)မြစ်အထက်တွင် စက်တင်ဘာ ၇ ရက်နေ့က လေသူရဲလေး ဘင်စီမှာ လေယာဉ်ပစ်ချခံရပြီး သေဆုံးသွားသည် ။ နယူးဖောင်လန် ကျွန်းသားလေး ဆိုးလေးဒ့ါ(စ်)က နောက်နေ့၌ သေဆုံးသည် ။

၁၉၄၁ ခုနှစ် ဇန်နဝါရီလက 'ဘစ္စကေး' ပင်လယ်အော် အထက်တစ်နေရာ၌ ဘေးချင်းယှဉ်၍ လေယာဉ်ပျံသန်းရင်း သေဆုံးမည့် ဂျော်နီလတ္တာနှင့် ဝိလီမက်နိုက်တို့ က ဤပုံထဲတွင် ဘေးချင်းယှဉ် ရပ်နေကြသည် ။

"ငါတို့ အုပ်စုမှာ မင်းအသက်အငယ်ဆုံးပါ ဝိလီ"

အဘိုးကြီးက ရေရွတ်သည် ။

ဝိလီမက်နိုက်ကား ပါရမီရှင် လေသူရဲဖြစ်သည် ။ တိုက်ပွဲ၏ ပထမဆုံး ၁၇ ရက်အတွင်း ရန်သူလေယာဉ် ကိုးစီးကို သူပစ်ချသည် ။ ပထမဆုံး ရည်မှန်းချက်တာဝန် ထမ်းဆောင်ပြီး ၁၀လအကြာ အသက် ၂၁ နှစ်အရွယ်တွင် မသေဆုံးမီ လေကြောင်းတိုက်ပွဲ နှစ်ကြိမ် အောင်ပွဲခံသည် ။

အက်(ဒ်)မန်သည် ဆက်လက်ရှင်သန်ပြီး အိုမင်းရင့်ရော်လာကာ ကျိုကျိတက် ချမ်းသာလာသည် ။ အွန်တဲရီယိုပြည်နယ်၌ အကြီးမားဆုံး သတ္တုရှာဖွေရေး လုပ်ငန်းရှင်ကြီး ဖြစ်လာသည် ။

သို့သော် ပေါက်ချွန်းကို အဖော်ပြုကာ တဲလေးထဲ သူနေထိုင်ခဲ့စဉ် သူ၏ ပထမဆုံး ဒေါ်လာတစ်သန်း ရရှိခဲ့စဉ်၊ အထူးသဖြင့်

ဖော့(ဘ်)မဂ္ဂဇင်းကြီးက သူ့ကို 'ဘီလျံနာ'ဟု ကြေညာခဲ့စဉ် နှစ်ကာလများ တစ်လျှောက်လုံး ထိုဓာတ်ပုံကိုတော့ သူ ထိန်းသိမ်းထားခဲ့သည် ။

'ဘဝ'၏ တုန်လှုပ်စရာ ထိခိုက်နာကျင်လွယ်မှုကို သူအမြဲ ပြန်သတိရစေဖို့ ထိုပုံကို တမင် သိမ်းထားခြင်းဖြစ်သည် ။

အတိတ်ကို ပြန်လှည့်ကြည့်တိုင်း သူဘယ်လိုများ အသက် ဆက်ရှင်နိုင်ခဲ့ပါလိမ့်ဟု တွေးမိသည် ။

သူ့လေယာဉ် ပထမဆုံးအကြိမ် ပစ်ချခံရပြီး သူဆေးရုံတက်နေစဉ် ၁၉၄၁၊ ဒီဇင်ဘာလ၌ အမှတ် ၂၄၂၊ လေယာဉ်အုပ်က အရှေ့ဖျားဒေသသို့ ထွက်ခွာသွားသည် ။ သူကျန်းမာသောအခါ 'လေသူရဲသင်တန်း'၌ တာဝန်ချခံရသည် ။ သူက ရုံးအလုပ် မလုပ်ချင်၍ တိုက်ပွဲပြန်ဝင်ဖို့ အထက်လူကြီးများအား နားပူနားဆာ လုပ်သောကြောင့် နော်မန်ဒီကမ်းခြေသို့ မဟာမိတ်တပ်များ ရောက်ရှိချိန်အမီ သူ့ဆန္ဒ ပြည့်ဝသွားသည် ။

မြေပြင်တိုက်ခိုက်ရေးအတွက် ဗုံးကြဲတိုက် လေယာဉ်အသစ်ဖြစ်သော တိုင်ဖုန်းကို သူမောင်းရသည် ။ အလွန်အစွမ်းထက်သည် ။ တင့်ကားများကို ကောင်းကောင်း ဖျက်ဆီးနိုင်သည် ။ 'နိုင်း'မြစ်ကို အမေရိကန်တပ်များ ဖြတ်ကူးစဉ် 'ရီမာဂျင်'မြို့အနီး၌ သူ့လေယာဉ် ဒုတိယအကြိမ် ပစ်ချခံရပြန်သည် ။ အမေရိကန်တပ်များကို ရှေ့မှ ကြိုတင်ကာကွယ်ပေးနေသော ဗြိတိသျှတိုင်ဖုန်းလေယာဉ် အစင်းတစ်ဒါဇင်အနက် သူ့လည်း ပါသည် ။

သူ့လေယာဉ်အင်ဂျင်ကို တည့်တည့်ထိမှန်ခြင်းကြောင့် လေယာဉ်ကို အထက်သို့တက်ဖို့ စက္ကန့်အနည်းငယ်အချိန်ရပြီး ခေါင်းခန်းမှ အမိုးကို ဖြုတ်ကာ လေယာဉ်မပေါက်ကွဲမီ သူခုန်ထွက်နိုင်ခဲ့သည် ။ သူ အကျမတော်၍ ခြေနှစ်ဖက်စလုံး ကျိုးသည် ။ နှင်းတောထဲ၌ သူနာကျင်မှု

ကြောင့် မူးနောက်ရီဝေစွာ လဲနေရပြီး သူ့ဆီပြေးလာသော သံခမောက်များကို ဝိုးတဝါးသာ သတိထားမိသည် ။

ဂျာမန်များက တိုင်ဖုန်းလေယာဉ်များကို အလွန်စက်ဆုပ်ပြီး သူချေမှုန်းခဲ့သော လူများမှာ သည်းခံစိတ်မရှိသည့် ဂျာမန်အက်(စ်) အက်(စ်)ပန်ဇာ တပ်မကြီးမှ ဖြစ်ကြောင်းကိုတော့ သူကောင်းကောင်း သိသည် ။ သဲသဲကွဲကွဲ မမြင်ရသော လူတစ်ဦးက ရပ်ပြီး သူ့ကိုငုံ့ကြည့်၍

"ကိုင်း ဒီမှာ ကြည့်ကြစမ်းဟေ့"

ထိုလူက စိတ်ပျော့ပါးစွာဖြင့် သက်ပြင်းချသည် ။ အဒေါ့(ဖ်)ဟစ်တလာ၏ အတော်ဆုံး တပည့်အချို့သာလျှင် မစ္စစ္စပီပြည်နယ်သားလို အာလေးလျှာလေးနှင့် စကားပြောနိုင်လိမ့်မည်။

အမေရိကန်စစ်သည် များက မော်ဖင်းကြောင့် ရီဝေနေသော သူ့အားရိုင်းမြစ်ကို ဖြတ်သန်း၍ ပြန်သယ်ကာ အင်္ဂလန်သို့ လေယာဉ်ဖြင့် ပို့ပေးသည် ။

သူ့ခြေထောက် ပြန်ကောင်းသောအခါ ရှေ့တန်းမှ ရောက်လာသော စစ်သည် လူနာ အသစ်များ အတွက် လိုအပ်မည့် ခုတင်တစ်လုံးကို သူအပိုင်စီးထားသည် ဟု ဆုံးဖြတ်ခံရပြီး တောင်ဘက်ကမ်းရိုးတန်းရှိ နာလန်ထဂေဟာသို့ ပို့ခံရသည် ။

ကနေဒါနိုင်ငံ၌ ပြန်လည်နေရာ ချထားခြင်း မခံရမီအထိ ထိုဂေဟာ၌ သူ ခုန်ဆွခုန်ဆွနှင့် လျှောက်သွားနေရသည် ။

သမိုင်းဝင် 'တူဒါ'ခေတ် အဆောက်အအုံကြီးဖြစ်သော 'ဒီ(လ်)ဘယ်ရီမင်နာ'မှာ ဘိလိယက်ခုံ၏ အခင်းလို စိမ်းသော မြက်ခင်းများ နှင့် ချစ်စရာသူနာပြု ဆရာမလေးတချို့ ရှိသောကြောင့် သူပျော်သည် ။ ထိုနွေဦး

ရာသီ၌ သူ့အသက် ၂၅နှစ်ရှိပြီး သူ့ရာထူးမှာ လေတပ်ဒု-ဗိုလ်မှူးကြီး ဖြစ်သည် ။

အခန်းတစ်ခန်းတွင် အရာရှိနှစ်ဦးစီ နေရသော်လည်း သူ့အခန်းဖော်မှာ သူရောက်ပြီး နောက်တစ်ပတ်အကြာမှ ရောက်လာသည် ။ ၎င်းမှာ အမေရိကန်နိုင်ငံသားဖြစ်ပြီး သူနှင့် အသက်ရွယ်တူလောက်ရှိကာ စစ်ဝတ်စုံ ဝတ်မထားချေ။ သူ့ဘယ်လက်မောင်းနှင့် ပခုံးတို့ မှာ အီတလီမြောက်ပိုင်း တိုက်ပွဲ၌ ထိခိုက်ဒဏ်ရာရခဲ့သည် ။

ယင်းမှာ ရန်သူ့နယ်မြေထဲမှ လျှို့ဝှက်စစ်ဆင်ရေးတစ်ခု ဖြစ်သည် ။ အထူးတပ်ဖွဲ့ခေါ် ကွန်မန်ဒိုတပ်ဖွဲ့၏ တာဝန်သာဖြစ်သည် ။

"ဟိုင်း.. ကျွန်တော့်နာမည် ပီတာလူးကပ်ပါ။ ခင်ဗျား စစ်တုရင်ကစားတတ်သလား"ဟု သူက နှုတ်ဆက်သည် ။

'စတိ(ဗ)အက်(ဒ)မန်မှာ အွန်တဲရီယိုပြည်နယ်၏ ကြမ်းတမ်းသော သတ္တုတူးဖော်ရေး စခန်းများမှ ထွက်ခွာ လာပြီး ၁၉၃၈ ခုနှစ်တွင် 'နီကယ်'ကို ကမ္ဘာက မသုံးသေးခြင်းကြောင့် သတ္တုတွင်းလုပ်ငန်းတွင် အလုပ်လက်မဲ့မဖြစ်ရအောင် တော်ဝင်ကနေဒါ လေတပ်ထဲ ဝင်ခဲ့ခြင်းဖြစ်သည် ။ နောင်အခါ 'နီကယ်'မှာ သူမောင်းနှင်သော လေယာဉ်ပျံအင်ဂျင်တိုင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည် ။ လူးကပ်ကား နယူးအင်္ဂလန်ပြည်နယ်မှ သူဌေးသားတစ်ဦးဖြစ်ပြီး မွေးကတည်းက အရာရာပြည့်စုံသည် ။

ထိုလူငယ်နှစ်ယောက် စစ်တုရင်ခုံချ၍ မြက်ခင်းပေါ်၌ ထိုင်နေကြစဉ် စားသောက်ခန်းမထဲရှိ ရေဒီယိုသတင်း ကြေညာသံ ပျံ့လွင့်လာသည် ။ ထိုခေတ်က စကားပြော ပြေပြစ်လှသော ဘီဘီစီသတင်းဖတ်သူတစ်ဦးက ဂျာမန်ဗိုလ်ချုပ်ကြီး ဗွန်ရွန်းစတက်က အကန့်အသတ်မဲ့ လက်နက်ချ

ခြင်း စာချုပ်ကို လွန်းဘာ့(ဂ်)ဟိ(သ်)အရပ်၌ လက်မှတ်ထိုးလိုက်ကြောင်း ကြေညာသည် ။ ထိုနေ့ကား ၈-၅-၁၉၄၅။

ဥရောပမှ စစ်ကြီးနိဂုံးချုပ်သွားပြီ။ လူးကပ်နှင့် အက်(ဒ်)မန်တို့ လည်း နေရပ်ဘယ်တော့မှ မပြန်ရသည့် သူတို့ သူငယ်ချင်းအားလုံးကို သတိရမိသည် ။ နောက်ပြီး လူရှေ့သူရှေ့ မိမိတို့ နောက်ဆုံးအကြိမ် ငိုခြင်းဖြစ်ကြောင်း နောင်အခါ၌ သူတို့ သတိရကြမည်။

နောက်တစ်ပတ်အကြာ၌ သူတို့ လမ်းခွဲပြီး ကိုယ့်နိုင်ငံကိုယ် ပြန်ကြသည် ။ သို့သော် ထိုအင်္ဂလိပ်ကမ်းရိုးတန်းရှိ နာလန်ထဝေဟာ၌ သူတို့ ရရှိသော ခင်မင်ရင်းနှီးမှုမှာ ရာသက်ပန် အခွန်ရှည်မည်ဖြစ်သည် ။

အက်(ဒ်)မန် အိမ်ပြန်ရောက်သောအခါ ကနေဒါနိုင်ငံရော၊ သူပါ ပြောင်းလဲသွားခဲ့လေပြီ။

ဖွံ့ဖြိုးနေသော စီးပွားရေးလောကသို့ သူပြန်လာသည် ။ ဂုဏ်ထူးဆောင် ဆုရ စစ်ပြန်သူရဲကောင်းတစ်ဦး ဖြစ်သည် ။ သူသည် 'ဆပ်ဘယ်ရီ'မြစ်ဝှမ်းဇာတိ ဖြစ်၍ ထိုအရပ်သို့ သူပြန်သည် ။

သူ့ဖခင်ရော သူ့အဘိုးပါ သတ္တုတွင်းလုပ်သားကြီးများ ဖြစ်ကြသည် ။

ကနေဒါနိုင်ငံသားများ သည် ၁၈၈၉ ခုနှစ်ကတည်းက ဆပ်ဘယ်ရီတစ်ဝိုက်တွင် ကြေးနီနှင့် နီကယ်ကို တူးဖော်လျက် ရှိကြသည် ။

'အက်(ဒ်)မန်' မိသားစုဝင်များ လည်း ထိုခေတ်ထိုအခါက ယင်းအလုပ် လုပ်ခဲ့ကြသည် ။

အက်(ဒ်)မန်သည် လစာငွေ ပမာဏများများ လေတပ်မှ ရသဖြင့် သူ့မိသားစုတွင် ပထမဆုံးအဖြစ် ကောလိပ်ကျောင်း သွားတက်သည် ။ သူက သတ္တုအင်ဂျင်နီယာပညာကို အဓိက ဆည်းပူးပြီး သတ္တုဗေဒ

သင်တန်းကို ထပ်တက်သည် ။ ၁၉၄၈ ခုနှစ်တွင် ထိုသင်တန်း နှစ်ခုစလုံး၌ သူအတော်ဆုံး ကျောင်းသားတစ်ဦး ဖြစ်ပြီး ဆပ်ဘယ်ရီမြစ်ဝှမ်း၌ အဓိက အလုပ်ရှင်လည်း ဖြစ်သော နိုင်ငံတကာ နီကယ်ကုမ္ဗဏီ (အင်ကို) က သူ့ကို အလုပ်ခန့်သည် ။

၁၉၀၂ ခုနှစ်တွင် တည်ထောင်သော အင်ကိုက ကနေဒါအား တစ်ကမ္ဘာလုံးသို့ နီကယ်ပေးသွင်းသူဖြစ်အောင် ကူညီ ဆောင်ရွက်ပေးခဲ့သည် ။ အွန်တဲရီယိုပြည်နယ် ဆပ်ဘယ်ရီမြို့ပြင်ဘက်တွင် ၎င်းပိုင်သော ဧရာမ နီကယ်သိုက်ကြီး ရှိသည် ။ အက်(ဒ်)မန်က အလုပ်သင်သတ္တုတွင်း မန်နေဂျာအဖြစ် 'အင်ကို'၌ အလုပ်ဝင်ခဲ့သည် ။

အက်မန်သည် ဆပ်ဘယ်ရီ ဆင်ခြေဖုံးရပ်ကွက်ရှိ နေပျော်သော်လည်း စုတ်ချာသည့် ပျဉ်ထောင်အိမ်၌ သတ္တုတွင်းမန်နေဂျာအဖြစ် အရိုးထုတ်လို့ ရသည့်တိုင် သည့်ထက်ပိုကောင်းသော နည်းလမ်းတစ်ခုခု ရှိရမည်ဟု သူတွေးမိသည် ။

နီကယ်၏ အခြေခံသတ္တုရိုင်းမှာ ပင်တလန်ဒိုက်ဖြစ်ပြီး ၎င်းတွင် ပလက်တီနမ်၊ အီရီဒီယမ်၊ ငွေနှင့်ရွှေ စသော အခြားဒြပ်စင်များ လည်း ပါဝင်သေးကြောင်း ကောလိပ်ကျောင်းမှာ သင်ခဲ့ရသည် ။

အက်မန်က ရှားပါးမြေအောက် သတ္တုများ ၊ ၎င်းတို့ အသုံးဝင်ပုံနှင့် ၎င်းတို့ ၏ စျေးကွက်ဖြစ်နိုင်ချေတို့ ကို စတင်လေ့လာသည် ။ ထိုကိစ္စကို တခြားမည်သူမျှ မလုပ်ကြ။

အကြောင်းမှာ ရာခိုင်နှုန်းနည်းလွန်းပြီး ယင်းတို့ ကို တူးဖော်ခြင်းမှ တွက်ခြေမကိုက်သောကြောင့် နောက်ဆုံး၌ ချော်ရည်များ သာ ဖြစ်ကုန်သည် ။ ရှားပါးမြေကြီးသတ္တုများ အကြောင်း သိသူမှာ တချို့တလေသာ ရှိသည် ။

မြောက်မြားလှစွာသော ကြွယ်ဝချမ်းသာမှု အားလုံးနီးပါးမှာ အကြံ်ကောင်းတစ်ချက် ရဖို့ နှင့် ထိုအကြံ်ကို တကယ်ဖြစ်အောင် လုပ်ရဲခြင်းအပေါ် မူတည်သည် ။ အလုပ်ကြိုးစားခြင်းနှင့် 'ကံ'တို့ ကိုလည်း လိုအပ်သည် ။

အက်မန်၏ ထူးခြားသောအကြံ်တစ်ခုမှာ အခြားလူငယ် သတ္တုတွင်းမန်နေဂျာများအား ယမကာမြို့နေခိုက်တွင် ဓာတ်ခွဲခန်းသို့ ပြန်သွားဖို့ ဖြစ်သည် ။

နောက်ဆုံး၌ သူရရှိသော ထုတ်လုပ်မှုဖြစ်စဉ်ကား ဓာတ်သတ္တုများကို ဖိအားပေး၍ အက်ဆစ်ဖြင့် စစ်ထုတ်နည်း ဖြစ်သည် ။

အကယ်၍ ဤနည်းကို 'အင်ကို'သို့ သူသွားပေးပါက သူတို့ က သူ့ကို ကျောသပ်ပြီး ချီးမွမ်းကြမည်။ သို့မဟုတ် ညစာကျွေးမည်။ သူက ရာထူးမှ နုတ်ထွက်ပြီး တိုရွန်တိုမြို့သို့ ရထားကို တတိယတန်းတွဲမှ စီးကာ မူပိုင်ခွင့်မှတ်ပုံတင်ဗျူရိသို့ သွားသည် ။ ထိုစဉ်က သူ့အသက်က ၃၀ နှစ်ရှိပြီး သူ့မှာ တက်လမ်းရှိသည် ။

သူလုပ်မည့်အလုပ်က စရိတ်သိပ်မကြီး၍ ငွေအသင့်အတင့် ချေးယူသည် ။ တူးဖော်စရာ ပင်တလန်ဒိုက်အရိုင်းများ ကုန်ခန်းသောအခါ သို့မဟုတ် ဆက်လက်တူးဖော်ရန် တွက်ခြေမကိုက်တော့သောအခါ တူးဖော်ရေးကုမ္ပဏီများ ၏ ဧရာမချော်ပုံကြီးများ ကျန်ရစ်ခဲ့ကြသည် ။

ယင်းချော်ပုံများကို အမှိုက်ဟု သတ်မှတ်ခြင်းကြောင့် မည်သူကမျှ မလိုချင်သော်လည်း စတီ(ဗ်)အက်(ဒ်)မန်ကတော့ လိုချင်သည် ။ သူက ထိုအမှိုက်များကို တစ်ပဲခြောက်ပြား ပေးဝယ်သည် ။

သူက 'အက်မွန် သတ္တုလုပ်ငန်း'ကို တည်ထောင်ပြီး တိုရွန်တိုစတော့အိပ်(ဇ)ချိန်း၌ 'အမ်မီများ 'ဟု လူသိကာ သူ့ရှယ်ယာဈေး ထိုးတက်သွား

သည် ။ ဘဏ်များ နှင့် ဘဏ္ဍာရေး အကြံပေးများက ချော့လုံး မြှောက်လုံးများ ဖြင့် အဆိုပြုသော စီးပွားရေးစွန့်စားမှုများကို သူဘယ်တော့မှ လက်မခံသလို သူ့လုပ်ငန်းကိုလည်း လုံးဝရောင်းမစားသေး။ ထို့ကြောင့် အကြံအဖန်လုပ်မှုများ ၊ စျေးထိုးကျမှုများ နှင့် ပြိုလဲမှုများကို သူရှောင်နိုင်သည် ။ သူ့အသက် ၄၀နှစ်တွင် ကုဋေကြွယ်သူဌေးဖြစ်ပြီး ၁၉၈၅ ခုနှစ်၊ သူ့အသက် ၆၅နှစ်တွင် ဘီလျံနာကြီး ဖြစ်လာသည် ။

သူက သူ့ဘဝကို လုံးဝမမှေ့သလို ကြွားလုံးလည်း မထုတ်တတ်။ ပရဟိတအဖွဲ့များ သို့ ခပ်များများ လှူဒါန်းပြီး ခြိုးခြံချွေတာကာ နိုင်ငံရေးကိုလည်း ရှောင်ရှားသည် ။

သူသည် မိသားစုအပေါ် ကောင်းသော အိမ်ထောင်ဦးစီး တစ်ဦးအဖြစ် လူသိများ သည် ။

သူ့သက်တမ်းတစ်လျှောက် သူ၏ သိမ်မွေ့သော အပြင်သဏ္ဌာန်ကို ကြည့်ပြီး သူ့ကို လိမ်ညာစားဖို့ ကြံစည်သော လူမိုက်တချို့တော့ ရှိခဲ့သည် ။ သူမောင်းနှင်ခဲ့သော လေယာဉ်အင်ဂျင်မှ သံမဏိကဲ့သို့ သူ့စိတ်ဓာတ်က မာကျောကြောင်း များ သောအားဖြင့် သူတို့ အချိန်နှောင်းမှ သိကြသည် ။

သူ့အတွက် သူဌေးဖြစ်ရေး နည်းလမ်းကို ရှာတွေ့ခါနီး ၁၉၄၉ တွင် သူအိမ်ထောင်ပြုသည် ။ သူနှင့် သူ့ဇနီးဖေးတို့ မှာ ရှေ့သွားနောက်လိုက် ညီသော အိမ်ထောင်ဖက်များ ဖြစ်သော်လည်း ၁၉၉၄ခုနှစ်တွင် ဖေးမှာ အာရုံကြောရောဂါ တစ်မျိုးကြောင့် ကွယ်လွန်သွားသည် ။ သူတို့ မှာ ၁၉၅၀ပြည့်နှစ်က မွေးသော အင်နီဆိုသူ သမီးလေးတစ်ယောက် ထွန်းကားည်။

အက်(ဒ်)မန်သည် အဘိုးကြီးဖြစ်သော်လည်း သူမကို ချစ်မြဲချစ်နေ

ပြီး သူမအသက် ၂၀ အရွယ်က လက်ထပ်ခဲ့သော ကျွေ့တောင်း တက္ကသိုလ်မှ စာပေပညာရှင် ပါမောက္ခ အေဒရီယံကိုလင်ဆိုကိုလည်း လွန်စွာမှ သဘောကျသလို ထိုစဉ်က အသက် ၂၀ ရှိပြီး ကောလိပ်မ တက်ခင် ဥရောပတစ်နေရာသို့ ရောက်နေသော သူ၏ တစ်ဦးတည်း သော မြေးလေး ရစ်ကီကိုလင်ဆိုကိုလည်း တုန်နေအောင် ချစ်သည် ။

အက်(ဒ်)မန်သည် များ သောအားဖြင့် စိတ်ချမ်းသာသော လူတစ်ဦး ဖြစ်သော်လည်း သူ့မှာ စိတ်မကြည်လင်သော နေ့ရက်များ လည်း ရှိ တတ်သည် ။

ထိုအခါ အွန်တဲရီယိုပြည်နယ်၊ ဝင်ဆာမြို့ရှိ မိုးမျှော်တိုက်မှ သူ၏ ပင့် ဟောက်(စ်) ရုံးခန်းကြီးတွင် နံရံပေါ်က ဓာတ်ပုံကို ထကြည့်လေ့ရှိသည် ။

ဝေးလံသော အတိတ်ကာလမှ နုပျိုငယ်ရွယ်သော မျက်နှာများကို သူ ပြန်မြင်ရသည် ။

ရုံးတွင်းဖုန်းမြည်၍ သူ့စားပွဲသို့ ပြန်သွားသည် ။

"ဆိုစမ်း.. ဂျင်း"

"ဗာဂျီးနီးယားကနေ မစ္စက်ကိုလင်ဆို ဆက်တာပါ"

"ကောင်းပြီ။ သူ့ကိုချိတ်ပေးစမ်း"

ဂျင်းက ဗာဂျီးနီးယားမှ ဖုန်းနှင့် ဝင်ဆာမှ ဖုန်းကို ချိတ်ပေးစဉ် အက် (ဒ်)မန်က ဆုံလည်ဆိုဖာကို ကျောမှီထိုင်လိုက်သည် ။

"ဟဲလို သမီးလေး နေကောင်းလား"

တစ်ဖက်မှ စကားကို နားထောင်ရင်း သူ့မျက်နှာ တည်သွားသည် ။

သူက စားပွဲပေါ် ခါးကိုင်းလိုက်သည် ။

"ပျောက်နေတယ် ဟုတ်လား။ ဘာသဘောလဲ။ သမီး သူ့ဆီ ဖုန်းဆက်ကြည့်သေးလား။ ဘောစနီးယားမှာ လား။ ဖုန်းလိုင်းမရှိဘူးလား... ။ အခုခေတ် ချာတိတ်တွေက စာမရေးကြဘူး အင်နီရဲ့ ။ ဒါမှ မဟုတ် သူ ပို့တဲ့ စာ အဲဒီမှာ ပဲ ပျောက်သွားလို့ များ လား...။ အေးပါ.. သူက သေသေချာချာ ကတိပေးသွားတာ ငါလက်ခံပါတယ်။ ကောင်းပြီ။ ငါကြည့်လုပ်ပေးပါ့မယ်။ သူက ဘယ်သူ့ဆီမှာ လုပ်နေတာလဲ"

အက်(ဒ်)မန်က ဖောင်တိန်နှင့် စာရေးစက္ကူကိုယူပြီး အင်နီရွတ်ပြတာကို လိုက်မှတ်သည် ။

"ပေါင်မုန့်နဲ့ ငါးများ တဲ့ လား။ အဲဒီနာမည်လား။ အဲဒါ ကယ်ဆယ်ရေး အေဂျင်စီလား။ ဒုက္ခသည် တွေအတွက် အစားအစာပေးတာ။ ကောင်းပြီလေ။ ဒါဆို အဲဒီဟာ စာရင်းထဲ ရှိမှာ ပေါ့။ မရှိဘဲ မနေဘူး။ အဖေကြည့်လုပ်ပေးမယ် သမီး။ အေး... အေး သတင်းထူး ရရချင်း ပြောမယ်"

သူက ဖုန်းချပြီး တဒင်္ဂတွေးကာ သူ့ကုမ္ပဏီ စီအီးအို (အမှုဆောင်အရာရှိချုပ်)ကို ခေါ်လိုက်သည် ။

"ခင်ဗျား အလုပ်ခန့်ထားတဲ့ လူငယ်တွေထဲမှာ အင်တာနက်သုံးပြီး သုတေသနလုပ်တာ နားလည်တဲ့ လူ ရှိသလား"

သူက မေးရာ အရာရှိချုပ် ပါးစပ်အဟောင်းသား ဖြစ်သွားသည် ။

"ရှိပါတယ်။ အများကြီးပဲ"

"ပေါင်မုန့်နှင့်ငါးများ ဆိုတဲ့ အမေရိကန်ပရဟိတ အဖွဲ့ရဲ့ ဥက္ကဋ္ဌနာမည်နဲ့ သူ့ဖုန်းနံပါတ်ကို ကျုပ်လိုချင်တယ်။ အမြန်ဆုံးရှာခိုင်းပါ"

၁၀ မိနစ်အကြာ၌ သူလိုချင်တာ ရသည် ။ တစ်နာရီအကြာ၌ တောင်

ပိုင်း၊ ကယ်ရိုလိုင်းနားပြည်နယ်၊ ချား(လ်)စတန်မြို့ရှိ ပြောင်လက်တောက်ပသော တိုက်ကြီးတစ်တိုက်၌ ရုံးချုပ်ဖွင့်ထားသော ရုပ်မြင်သံကြားမှ တရားဟောသည့် ဧဝံဂလိအသင်းတော် တရားဟော ဆရာတစ်ဦးနှင့် သူအကြာကြီး စကားပြောပြီး ဖုန်းပြန်ချလိုက်သည် ။ ထိုတရားဟော ဆရာမျိုးကို သူစက်ဆုပ်သည် ။ ၎င်းတို့ ကား ကယ်တင်ခြင်းလုပ်ဖို့ အာမခံချက်ပေးပြီး ယုံလွယ်သူများ ထံမှ အလှူငွေအမြောက်အမြား ချူသူများ ဖြစ်ကြသည် ။

"ပေါင်မုန့်နှင့်ငါးများ သည် " အမောက်ကြီးထောင်ထားသော ကယ်တင်ရှင်ကြီး၏ ပရဟိတအဖွဲ့ခွဲဖြစ်ပြီး ထိုစဉ်က ပြည်တွင်းစစ်ဒဏ် ခံနေရသော ဘော့စနီးယားမှ သနားစဖွယ် စစ်ရှောင်ဒုက္ခသည် များ အတွက် အလှူငွေများ တောင်းခံလျက်ရှိသည် ။

အလှူငွေ ပမာဏ မည်မျှက ဒုက္ခသည် များ ထံ တကယ်ရောက်ပြီး မည်မျှက တရားဟောဆရာ၏ ဇိမ်ခံကားဖိုး ဖြစ်ကုန်သလဲဆိုတာ မည်သူမျှမသိ။ သို့သော် ရစ်ကီကိုလင်ဆိုတစ်ယောက် ဘော့စနီးယားရှိ ပေါင်မုန့်နှင့်ငါးများ အဖွဲ့တွင် စေတနာ့ဝန်ထမ်း ဝင်လုပ်နေသည် ဆိုပါက ထရဲဗနစ်ဆိုသော မြို့ရှိ မိမိတို့ ၏ ရိုက္ခာဖြန့်ချိရေးစခန်း၌ ရှိနိုင်သည် ဟု တရားဟောဆရာက ပြောသည် ။

"ဂျင်း.. လွန်ခဲ့တဲ့ နှစ်နှစ်လောက်က တိုရွန်တိုမြို့က လူတစ်ယောက်ရဲ့ ကျေးလက်အိမ်ထဲက ရှေးဟောင်းပန်းချီကားနှစ်ချပ် ပျောက်ဆုံးမှုကို မှတ်မိသေးလား။ သတင်းစာထဲမှာ ပါတယ်လေ။ နောက်နေ့ ပန်းချီကားတွေ ပြန်ရတယ်။ အဲဒါတွေကို ပြန်ရအောင် လိုက်ရှာပေးဖို့ သိပ်သိသိပ်တဲ့ အေဂျင်စီတစ်ခုကို သူသုံးခဲ့တယ်လို့ ငါတို့ အသင်းမှာ လူတစ်ယောက် ပြောဖူးတယ်။ အဲဒီလူရဲ့ နာမည်ကို လိုချင်တယ်။ ငါ့ဆီ ဖုန်းဆ

ဂ်ပါ"

ထိုလူနာမည် အင်တာနက်မှာ လုံးဝမရှိပါ။ သို့သော် အခြားကွန်ရက်များ ရှိသေးသည် ။ အက်(ဒ်)မန်၏ ဝါရင့်အတွင်းရေးမှူးမလေး 'ဂျင်းဆီးယား'က စာရေးများ ကွန်ရက်ကို သုံး၍ စုံစမ်းသည် ။ သူမမိတ်ဆွေတစ်ဦးမှာ ရဲချုပ်၏ အတွင်းရေးမှူးဖြစ်သည် ။

"ရှဘင်စတင်းတဲ့ လား။ ကောင်းပြီ တိုရွန်တိုကဖြစ်ဖြစ် ဘယ်မြို့ကဖြစ်ဖြစ် အဲဒီ မစ္စတာရှဘင်စတင်းကို ခေါ်ပေးစမ်း"

အက်(ဒ်)မန်က ဂျင်းကို ပြောသည် ။

ရှဘင်စတင်းနှင့် အဆက်အသွယ်ရဖို့ နာရီဝက်ကြာသည် ။ ပန်းချီကားစုဆောင်းသော ထိုပုဂ္ဂိုလ်ကြီးသည် အမ်စတာဒမ်မြို့ရှိ ရစ်(ခ်)ပြတိုက်အတွင်း ပန်းချီကျော်ရမ်းဘရန့်၏ 'ညစောင့်' ပန်းချီကားကို နောက်တစ်ကြိမ် ကြည့်ရှုဖို့ ရောက်ရှိနေကြောင်း သိရသည် ။ အမ်စတာဒမ်နှင့် ဝင်ဆာမြို့အချိန်နာရီ ကွာခြားမှုက ခြောက်နာရီရှိပြီး ရှဘင်စတင်း ညစာစားနေစဉ် ဖုန်းလာသည် ။ သူက ကူညီသည် ။

"ဂျင်း.. လေဆိပ်ကို ဖုန်းဆက်ပြီး ငါ့ရဲ့ ဂရမ်မန်လေယာဉ်ကို အဆင်သင့်ပြင်ထားခိုင်းပါ။ အခုဆက်လိုက်။ လန်ဒန်ကို ငါသွားချင်လို့ မဟုတ်ဘူး ။ အင်္ဂလန်လုပ် လေယာဉ်ပျံကို ပြောတာ အရုဏ်တက်ချိန်သွားမယ် " ဟု အက်မန်က ရှဘင်စတင်းနှင့် စကားပြောပြီးနောက် ဂျင်းကို ညွှန်ကြားသည် ။

ထိုနေ့ကား ၁၀-၆-၁၉၉၅။

******